ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လကွယ် ၊ တနင်္လာနေ့ ၊ (9-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၃)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

မြန်မာ့ရိုးရာပွဲစျေးနှင့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)တို့သို့ သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)တွင် မြန်မာ့ရိုးရာများကို မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပလျက်ရှိသည့် "မြန်မာ့ရိုးရာပွဲစျေး"သို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးချီးမြှင့်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁

ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)အတွင်း ခင်းကျင်းပြသထားသည့် ပရိဘောဂများကို ပြကွက်တစ်ခုချင်းစီအလိုက် ကြည့်ရှုအားပေးစဉ်။



မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရောရှုခင်းသာ(River View Point Pavilion) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိ

မကွေး နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ဧရောရှုခင်းသာ(River View Point Pavilion) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ဧရောရှုခင်းသာသည် ဧရာဝတီမြစ်ကမ်းအလှကို အခြေခံ၍ မြို့၏အထင်ကရ နေရာတစ်ခုအဖြစ် ပြည်သူများနှင့် ခရီးသွားလုပ်ငန်းများကို ဆွဲဆောင်နိုင်စေရန်၊ မကွေးမြို့ပြအင်္ဂါရုပ်နှင့်အညီ မြစ်ကမ်းနားမြေကွက်လပ်များကို သန့်ရှင်းသာယာလှပပြီး လုံခြုံဘေးကင်းသည့်နေရာတစ်ခုဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများနှင့် လူငယ်လူရွယ်များ နံနက်ခင်းနှင့်ညနေခင်းအချိန်များတွင် သဘာဝတရားနှင့်ထိတွေ့ကာ အနားယူအပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှားဆောင်ရွက်ခြင်းများပြုလုပ်နိုင်ရန်နှင့် မြို့ပြအလှမြှင့်တင်ရန်တို့အတွက် နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း

စာမျက်နှာ ၁၈ ကော်လံ ၄

တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ သန်းရရှိခဲ့

ရန်ကုန် နိုဝင်ဘာ ၈

နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနေသည့် ရေထွက်ကုန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများတည်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်၌ ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ သန်း ရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မွေးမြူရေးကဏ္ဍတွင် ငါးမွေးမြူရေးလုပ်ငန်းမှ ၂ ဒသမ ၀၃၂ သန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းမှ ၄၈ ဒသမ ၀၀၃ သန်း၊ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းမှ ၁ ဒသမ ၆၈၉ သန်း၊ ဂျင်းခရုမွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၄၂၄ သန်း၊ ရေမှော်မွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၀၄၅ သန်းဖြင့် စုစုပေါင်းကုန်တန်ချိန် ၁၂၆၇ ဒသမ ၃၆၈ တန်တင်ပို့မှုမှ

စာမျက်နှာ ၁၈ ကော်လံ ၁

နိုင်ငံခြားငွေ နှစ်စဉ်ရရှိနေသည့် ပြည်ပသို့ ပုစွန်တင်ပို့မှုကို တွေ့ရစဉ်။



ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

လွှတ်တော်သုံးရပ်အတွက် ကြားဖြတ်ရွေးကောက်ပွဲ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၇ ခုနှစ် ဧပြီ ၄ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်မဲဆန္ဒနယ်များကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် လွှတ်တော်မဲဆန္ဒနယ်များကိုလည်း ကြေညာထားသည်။

ယခင်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပခဲ့ရာ အပိုင်း (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း၊ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်လည်းကောင်း ကျင်းပနိုင်ခဲ့သည်။ အဆိုပါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ခြင်းမရှိသေးသော မဲဆန္ဒနယ်များကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသွားမည်ဖြစ်ပေသည်။

ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဟူ၍ သုံးရပ်ရှိသည်။ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် မဲဆန္ဒနယ်တစ်ခုခွဲ ရွေးကောက်ပွဲရွေ့ဆိုင်းထားခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးနုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်းသို့မဟုတ် တာဝန်မှ ရုပ်သိမ်းခံရခြင်းကြောင့်ဖြစ်စေ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၃၄ ခု၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ်ငါးခု၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၁၆ ခု၌ ကျင်းပသွားမည်ဖြစ်သည်။

လွှတ်တော်သုံးရပ်အတွက် ကြားဖြတ်ရွေးကောက်ပွဲကို လစ်လပ်မဲဆန္ဒနယ် ၅၅ ခုတွင် ၂၀၂၇ ခုနှစ် ဧပြီ ၄ ရက်တွင် ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ထားရာ ယခင်ရွေးကောက်ပွဲတွင် ပါဝင်ခြင်းမရှိသေးသော မြို့နယ်များထဲမှ တွန်းဇ၊ ဖလမ်း၊ နွားထိုးကြီး၊ စဉ့်ကူး၊ မိုးမိတ်၊ ထီးချိုင့်၊ အင်းတော်၊ ပုလဲ၊ ယင်းမာပင်၊ တန့်ဆည်၊ ကောလင်း၊ ဗန်းမောက်မြို့နယ်ဟူ၍ ၁၂ မြို့နယ် ပါဝင်ပေသည်။

နိုင်ငံသားအားလုံး၏အားသည် နိုင်ငံတော်အတွက်အရေးကြီးပြီး ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာမည့် အစိုးရလက်ထက်တွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ကြိုးပမ်းအကောင်အထည်ဖော်ရုံနှင့် ပြည့်စုံလုံလောက်မှုမရှိနိုင်ဘဲ နယ်ပယ်အသီးသီးက အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုပေသည်။ သို့မှသာ ပြည်သူတစ်ရပ်လုံးမျှော်မှန်းထားသည့် ဒီမိုကရေစီပြည်ထောင်စုကြီးကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ယခုကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံ့အကျိုးပြု၊ ပြည်သူအကျိုးပြုနိုင်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆန္ဒမဲပေးကြမှသာလျှင် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၉၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကသာ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၂၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၂၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမြွှေထိုးခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ကျိုက်လတ် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမြွှေထိုးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးမြွှေထိုးခြောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးမြွှေထိုးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လက ရန်ကုန်ဈေးကွက်ကို ငါးမြွှေထိုးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွှေထိုးခြောက်တွေကို မှာယူမှုများလာလို့ တင်ပို့အားကောင်းလာတာပါ။ အခုလို ငါးမြွှေထိုးခြောက်တွေ မှာယူမှုများလာတာကြောင့် ငါးမြွှေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ်ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွှေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ငါန်းဇွန် နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောက်တလုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၁ ဦးကို ရန်ပုံငွေကျပ် ၃၁ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၉၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

ပုသိမ်ကြီးမြို့နယ် သရက်တပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပုသိမ်ကြီး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ သရက်တပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သရက်တပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅ သောင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၆ သောင်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၁၅ သောင်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၂၅ သောင်း၊ အသင်းသူ ဦးရေ ၂၈၀ ကို ရန်ပုံငွေကျပ် သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

အောင်ရဲကျော်

မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့် ပျဉ်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပျဉ်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်သာကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် လေးလက်မခွဲ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ 2HP ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၅၈ ဒသမ ၂၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နော်လူး

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၄၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျောက်မြောင်း နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၄၅ ဧကထိ စိုက်ပျိုးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၀၉၆ ဧကရှိ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၀၉၆ ဧကရှိ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ဖူးစားပြောင်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ ထိ ၁၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေအောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်းစိုက်တောင်သူများကို ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင် တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

ပြင်ဦးလွင်မြို့နယ် ဘိုးနေဒွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုးနေဒွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ဘိုးနေဒွန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈၂ သိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဘိုးနေဒွန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ရန်ပုံငွေကျပ် ၄၈၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

သော်ဇင်ထူး

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဗျာပုံ နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလျက်ရှိကြောင်း သိရသည်။

"ဗျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်ကွဲတွေ အဓိကတင်ပို့ရောင်းချနေပါတယ်။ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို အောက်တိုဘာလ ပထမပတ်လောက်ကစပြီး ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ အခုလို ဆန်ကွဲတွေ တင်ပို့ရောင်းချနေရတော့ တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်" ဟု ဗျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂျင်လိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း



ကြိုးစားကြရဦးမယ်

ချစ်နိုင်(စိတ်ပညာ)



"မြန်မာနိုင်ငံတွင် ပထမဆုံးမြန်မာလူမျိုးဘာသာဗေဒပညာရှင်ဟုဆိုအပ်သည့် ဆရာကြီးဦးဖေမောင်တင်က စ၍ရေတွက်လျှင် ဘာသာဗေဒကို စူးစူးစိုက်စိုက် လေ့လာသော မြန်မာလူမျိုးပညာရှင်အရေအတွက်မှာ အများဆုံးလက်ချောင်းဆယ်ချောင်းဖြင့် ရေတွက်နိုင်မည့်ပမာဏသာရှိမည် ထင်ပါသည်။ များများစားစားမရှိပါ။ ထိုပညာရှင်များတွင် ဆရာနိုးသည် ရှေ့တန်းမှာထားအပ်သော ပညာရှင်တစ်ယောက်ဖြစ်သည်ဟု အလေးအမြတ်ခံယူမိပါသည်။ သူ၏ ဘာသာဗေဒဆိုင်ရာ စာပေများက အထင်အရှား သက်သေပြနေပါသည်။

မောင်ခင်မင်(ဓနုဖြူ)

ပါမောက္ခ ဒေါက်တာခင်အေး

(၁၉၄၂-၂၀၂၅)

သူကိုယ်တိုင် ဘာသာဗေဒပညာရပ်နှင့်ပတ်သက်၍ လေးနက်ခက်ခဲသောကျမ်းများကို ရေးသားပြုစုပေးခဲ့သည့်အပြင် ရန်ကုန်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအား မြန်မာစာ ဘာသာဗေဒ သင်ကြားပြသခဲ့သည့် ပါမောက္ခဒေါက်တာခင်အေး (၁၉၄၂-၂၀၂၅)ကား မရှိတော့ပါ။ ကွယ်လွန်သွားခဲ့ပါပြီ။

ဆရာကြီးပါမောက္ခ ဒေါက်တာခင်အေးသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ၁၀ နှစ်တိုင်တိုင် အချိန်ယူ၍ ရေးသားပြုစုခဲ့သော စာအုပ်တစ်အုပ်ရှိခဲ့ဖူးပါသည်။ **"စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ"** (၁၉၇၉) စာအုပ်ဖြစ်ပါသည်။ နှစ်ပေါင်း ၄၇ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မြန်မာစာ၊ မြန်မာစကား၊ စကားပြေနှင့်ပတ်သက်၍ ဤစာအုပ်ထက် ပိုမိုပြည့်စုံကောင်းမွန်သည့်စာအုပ် မပေါ်ထွက်လာသေးဟု ထင်ပါသည်။ ဤကဲ့သို့ ရှေ့မီနောက်မီ မြန်မာစာပါမောက္ခပညာရှိ တစ်ယောက်က ယနေ့အချိန် အနယ်နယ်အရပ်ရပ်ရှိ တက္ကသိုလ်ပေါင်းစုံ ၂၀၀ ကျော်တို့တွင် မြန်မာစာဌာန အသီးသီး၀ယ် ပါမောက္ခ၊ ကထိကတာ၀န်ထမ်းဆောင်နေကြသူများသည် သင်ကြားရေးသာမက သုတေသနလုပ်ငန်းကို ပိုမိုပြုစုလုပ်ဆောင်သင့်ကြကြောင်းကို မီးမောင်းထိုးပြဘိသကဲ့သို့ ရှိပါတော့၏။

ယနေ့ခေတ် ပညာရေးလောကရှိ ဆရာ၊ ဆရာမများသည် တပည့်များကို မြန်မာစာ၊ မြန်မာစကား၊ စကားပြော၊ သဒ္ဒါ၊ သတ်ပုံ၊ ရေးထုံး၊ ပြောပုံဆိုပုံ စနစ်တကျ တတ်မြောက်ကျွမ်းကျင်အောင် ပိုမိုကြိုးစားဖို့ရာ လိုအပ်နေပုံရပါသည်။ အတန်းတွေသာ မူလတန်း၊ အလယ်တန်းအောင်လာခဲ့ကြသည်။ မြန်မာစကားကို မှန်ကန်ပီသအောင်မပြောတတ် မရေးတတ်ကြသေးသည်ကား ဝမ်းနည်းစရာပါ။

မြန်မာစာ၊ မြန်မာစကားကို ကျောင်းတွင် ဆရာ၊ ဆရာမ သင်ပြရုံမျှဖြင့် မလုံလောက်ပါ။ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်က စာများများဖတ်သော အလေ့အကျင့်ကို မိမိကိုယ်တိုင် နေ့စဉ်ပြုကျင့်ကြရန် လိုအပ်ပါသည်။ စာကြည့်တိုက်၊ စာအုပ်ဆိုင်၊ စာအုပ်စင်များနှင့် ရင်းနှီးကျွမ်းဝင်ရပါမည်။ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)ရေးသည့် မြန်မာစာဆိုင်ရာ စာအုပ်ပေါင်းများစွာနှင့် ဖတ်ရှုထိတွေ့ ရင်းနှီးစေလိုပါသည်။ ငွေကြေးမလိုပါ။ အချိန်ပေးဖို့သာ လိုပါ၏။

ကျောင်းသားဘ၀မှာ ငွေကြေးမချမ်းသာပါ။ သို့ရာတွင် အချိန်ချမ်းသာပါ၏။ တစ်နေ့တာ ၂၄ နာရီ ရသူချင်းအတူတူ အခြားမိသားစု၀င်များထက် ကိုယ်ပိုင်အချိန် ပိုရသည်ကို သတိပြုသင့်ပါသည်။ နေ့မှာ မအားလျှင်ပင် ညစာစားပြီး ညနေပိုင်း၊ ညပိုင်း လေးတော့ စာဖတ်လျှင် ရပါသည်။ နံနက် လေးနာရီ၊ ငါးနာရီထ၍ စာကြည့်လျှင် ရပါသည်။ ပါမောက္ခဦးခင်အေးသည် ဓနုဖြူမြို့နယ် ကျုံတနီးရွာမှာ မွေးဖွားသော တောသားလေးဖြစ်ခဲ့ပါ၏။ သူအသက် ငါးနှစ်ကျော်မှာ ဖခင်ကို သူပုန်ကသတ်သွားသဖြင့် ဖတဆိုးဖြစ်ရရှာ၏။ ကံမကောင်းစွာပင် သူအသက် ၁၀ နှစ်လောက်မှာ အမေက ဆင်းရဲနွမ်းပါးစွာနှင့် ကွယ်လွန်သွားပြန်၏။ မိဘမဲ့ဘ၀ ရောက်ရရှာသည်။ ဆွေမျိုးများအိမ်မှာ မှီခိုနေခဲ့ရ၏။

ငယ်ရွယ်စဉ်ကလေးဘ၀တွင် မိဘနှစ်ပါးမရှိတော့သော ကျေးလက်က ညီအစ်ကို နှစ်ယောက်၏ ရုန်းကန်ရခြင်းကို ကိုယ်ချင်းစာကြည့်ပါ။ စာဖတ်သူက သူ့ထက်အများကြီး ပို၍ကံကောင်းလောက်ပါသည်။ သူ့ထက် မပို၍ချင်နေ၊ သူလို ပါမောက္ခဖြစ်အောင် ကြိုးစားနိုင်မှာသေချာပါသည်။ ရန်ကုန်တက္ကသိုလ်၊ ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်တို့မှာ ပါမောက္ခဖြစ်ခဲ့ရုံသာမက (မျက်စိတစ်ဖက်သာ မြင်နိုင်ရှာသော) ဤပုဂ္ဂိုလ်ကား စာကောင်းပေမွန် စာအုပ်ကောင်း ၁၀၀ လောက်၊ သုတေသနကျမ်း၊ စာတမ်းများစွာ ရှာဖွေစုဆောင်း ပြုစုပေးနိုင်ခဲ့ပါသေး၏။

ပါမောက္ခလည်းမဟုတ်၊ ဒေါက်တာဘွဲ့လည်း ဘယ်တက္ကသိုလ်ကမှလည်း မရဖူးသော အင်္ဂလိပ်စာ အလွတ်စာသင်သူ ကျူးရှင်ဆရာ မောင်သာနိုးအား မြန်မာလူမျိုး ဘာသာဗေဒပညာရှင်၊ စူးစူးစိုက်စိုက် လေ့လာရေးသားသူ **"ရှေ့တန်းမှာထားအပ်သူ"**ဟု လေးစားရိုသေစွာ ဂုဏ်ပြုချီးကျူးနိုင်သည်မှာ ပညာရှိရုံမျှမက မုဒိတာထားနိုင်သော စိတ်ကောင်း စေတနာဖြူစင် မွန်မြတ်သောကြောင့် ဖြစ်ပါ၏။ ဆရာကြီး မောင်သာနိုးအပေါ် တက္ကသိုလ် မြန်မာစာဌာနမှ ကထိက (ကဗျာဆရာ) တစ်ယောက်က မနာလိုစွာ ပြောဆိုပုံကို ဆရာမောင်စွမ်းရည်က ပြောခဲ့ဖူးကြောင်း စာပေသမားတစ်ဦး ရေးခဲ့ဖူးသည်ကို သတိရမိပါသည်။ သူ့ဘာသာသူတော်သဖြင့် ကျော်ကြားထင်ရှားခြင်းကို မနာလိုဝန်တို မနှစ်မြို့သူ လူအချို့လည်း ရှိတတ်ပါ၏။ မြင့်မားသောသစ်ပင် သစ်ကိုင်းသည် ပို၍လေတိုက်ခံရမြဲဖြစ်သည်။

တစ်သက်တာ စာပေဆုရှင် ဆရာကြီး မောင်သာနိုး၏ မြန်မာစာ၊ အင်္ဂလိပ်စာတော်ပုံကို ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)အပါအ၀င် ပညာရှင်၊ ပညာရှိများစွာက ချီးမွမ်းအသိအမှတ်ပြုကြပြီးဖြစ်ပါသည်။ ဤစာရေးသူက စာဖတ်သူကို ရှာဖွေဖတ်ရှုလေ့လာစေလိုသော စာအုပ်တစ်အုပ် ဖော်ညွှန်းပါရစေ။ သိပြီးသား၊ ဖတ်ပြီးသား၊ ရှိထားပြီးသား ပုဂ္ဂိုလ်များအတွက် မဆိုလိုပါပေ။ မသိသေးသူ၊ မဖတ်ဖူးသေးသူအနေနှင့် စိတ်၀င်စားစရာ၊ ဖတ်သင့်သည့်စာအုပ်တစ်အုပ်ဖြစ်ကြောင်း တွေ့ရှိရပါလိမ့်မည်။ အောက်ပါစာအုပ်ဖြစ်ပါသည်-

ESSENTAILS OF BUDDHISM

by

Dr. S. A. Ediriweera

မောင်သာနိုး

ဗုဒ္ဓဓမ္မအနှစ်သာရများ

(မြန်မာ၊ အင်္ဂလိပ်)

အင်္ဂလိပ်မြန်မာ နှစ်ဘာသာ ပါ၀င်ပါသည်။ ဘုရား တရားတော်များကို ပါဠိဘာသာ၊ မြန်မာဘာသာဖြင့်သာ ယှဉ်တွဲဖတ်ရှု၊ ကြားနာဖူးသူကများပါသည်။ ဗုဒ္ဓဘာသာ အနှစ်သာရကို အင်္ဂလိပ်လိုပြောစမ်းပါ။ ရေးပေးစမ်းပါဆိုလျှင် သီဟိုဠ်ဆရာတော် အရှင်နာရဒ၊ မလေးရှားဆရာတော် ဓမ္မနန္ဒ၊ ဆရာတော် ဝေပုလ္လရာဟုလာ စသည့် ရေးသော စာအုပ်အချို့သာ ရှိပါသည်။ ပြန်လည်ရှင်းပြနိုင်သူ ဆရာတော်ကြီးများ ရှားပါးလှသည်ကို ဆရာကြီး မောင်သာနိုးအား ကျေးဇူးတင်ရှိခိုးမိပါသည်။

❖ မြန်မာစာ၊ မြန်မာစကားကို ကျောင်းတွင် ဆရာ၊ ဆရာမ သင်ပြရုံမျှဖြင့် မလုံလောက်ပါ။ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်က စာများများဖတ်သော အလေ့အကျင့်ကို မိမိကိုယ်တိုင် နေ့စဉ်ပြုကျင့်ကြရန် လိုအပ်ပါသည်။ စာကြည့်တိုက်၊ စာအုပ်ဆိုင်၊ စာအုပ်စင်များနှင့် ရင်းနှီးကျွမ်းဝင်ရပါမည်။ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)ရေးသည့် မြန်မာစာဆိုင်ရာ စာအုပ်ပေါင်းများစွာနှင့် ဖတ်ရှုထိတွေ့ ရင်းနှီးစေလိုပါသည်။ ငွေကြေးမလိုပါ။ အချိန်ပေးဖို့သာ လိုပါ၏။ ❖

ပညာနိမ့်ကျတော့ စီးပွားရေးကော၊ လူနေမှုဘ၀ပါ ဆင်းရဲသားအဆင့် ကျန်နေရစ်ခဲ့သည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံး ရုန်းကန်နေရသောနိုင်ငံကျန်းမာရေးလည်းညံ့ဖျင်း၊ အားကစားလည်း လူရာမ၀င်၊ အစစအရာရာ နည်းမှန်စနစ်မှန်နှင့် အဆများစွာ ကြိုးစားအပင်ပန်းခံကြရမည်ကို အမှန်အတိုင်းသိကြရန် လိုနေပါသည်။ ထိပ်ဆုံးမှသည် အောက်ခြေအဆုံးထိ အားလုံးသောမိမိတို့နိုင်ငံသားတို့သည် ကျရာနေရာ၊ ရရာတာ၀န်ကို ပျော်ပျော်ရွှင်ရွှင်၊ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညာညာ ကြိုးပမ်းလုပ်ဆောင်ကြရမည့်အချိန် ရောက်နေပါပြီ။ သိကြပါစေ။

အင်္ဂလိပ်စာဖြစ်စေ၊ တရုတ်စာ၊ ဂျပန်စာ၊ ဘာသာခြားစာပေ၊ စကားများကို ကျွမ်းကျွမ်းကျင်ကျင် ဆရာကြီး မောင်သာနိုးတို့လို တတ်မြောက်နှံစပ်အောင် **လက်ရှိပါမောက္ခကြီးများက ရှေ့ဆောင်နမူနာပြလက်တွေ့တိုးတက်မှု သုတေသနဖော်ထုတ်ချက်များဖြင့် လမ်းပြတော်မူကြပါ။** ဆရာ၊ ဆရာမများခင်ဗျာ။

ပညာမဲ့သူက ပညာမတတ်၍ မကြိုးစား။ မူးယစ်ဆေး၀ါးသုံး၊ အရက်ဘီယာလေးသောက်။ ခိုး၊ နှိုက်၊ လုယက်၊ ဓားပြတိုက်၊ လက်နက်ကိုင်ခြိမ်းခြောက်၊ ဆက်ကြေးကောက်၊ မိုက်ကြေးခွဲစား၊ အကျင့်စာရိတ္တများ ယိုယွင်းပျက်ပြား။ လည်သူစား။ ဒုစရိုက်သမားတွေ များလှပေစွ။

စာမျက်နှာ ၅ သို့ á

လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ဂွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖွဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၂၂၅၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဆားလင်းကြီး နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမောပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၂၂၅၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၈၇၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၂၅၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ ကုလားပဲ ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ယခုနှစ် ဆားလင်းကြီးမြို့နယ်တွင် ကုလားပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကုလားပဲအထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

သစ်ါရ

- အရှေ့ဆီမှ နေမင်းဝါ
နေခြင်းမကြာ အနောက်၌ယွန်း၊
အချိန်နာရီ လက်တံများက
ရွှေ့လျားနိုင်လွန်း။

- ဝိုင်းစက်မူ လပြည့်ဝန်းလည်း
ည၏အညွှန်း ပြောရုံသာ
ပြောင်းလဲပြန်တာ၊
တစ်ရက်ပြီး တစ်ရက်လာ
ပျက်ပေါ့မကြာ အသစ်ပြောင်း၊
လျှပ်စီးလက်သလို
တစ်ရက်ပြီးတစ်ရက်ကို ဖြစ်စဉ်များက
တားဆီးကင်းကြောင်း။

- သိစိတ်ထူ သတိဆောင်းလို့
ချိန်မနှောင်း ခုများတွင်၊
မမြဲခြင်းအရာ အနိစ္စသဘောကို
တွေးတောဖို့ပြင်၊
ရလာသခိုက် လူသားအသွင်
မဖြူအမှားထင် ရှောင်ကြဉ်ပြု၊
နောင်အရေးတစ်ခုကို
ဆောင်ပေးကုသိုလ် ကိုယ်မှာထမ်းပြီး
လျှောက်လှမ်းစေမှု။ ။

ဗေဒါမောင်(ပညာရေး)

မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မင်းဘူး နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်းမကန်ကျေးရွာအုပ်စု မောင်းမကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ မောင်းမကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ မောင်းမကန်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၉၀ အသုံးပြု၍ ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

á **စာမျက်နှာ ၄ မှအဆက်**

ပညာတတ်ဆိုသူများက တတ်ယောင်ကားနှင့် ဘဝင်မြင့်။ **ပညာဘယ်လောက်တတ်တတ်၊ နိုင်ငံနှင့် လူမျိုးကို ပိုမိုတိုးတက်အဆင့်မြှင့်တင်ဖို့ရာကား နေ့မီး၊ ညမီး အလုပ်ကြိုးစား (Hard Working) လုပ်ကြရန် လိုအပ်ကြောင်း** NVIDIA CEO သူဌေး (တရုတ်လူမျိုး၊ တရုတ်(တိုင်ပေ)ဓာတိ၊ အမေရိကန်နိုင်ငံသား) ဂျင်ဆန်ဟွမ်း (Jensen Huang)ပင်လျှင် တစ်နေ့ လေးနာရီပဲအိပ်ပြီး နာရီ ၂၀ နေ့တိုင်းအလုပ်လုပ်နေသည်ကိုကြည့်၍ အားတင်းအလုပ်လုပ်သင့်ပါ၏။

မရောက်တာကြာသဖြင့် ဈေးထဲရှိစာအုပ်ဆိုင်တစ်ဆိုင်သို့ တစ်နေ့ကသွားဖြစ်သည်။ ကျောင်းဖွင့်စဖြစ်သဖြင့် ကျောင်းစာကြည့်တိုက်အတွက် အထက်တန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး ခုနစ်ယောက်စာအုပ်ဆိုင်ထဲတွင် စာအုပ်ဝယ်နေကြသည်။ စာအုပ်စင်တွေ၌ စာအုပ်ရွေးနေကြသည်။ စာရေးသူကိုမြင်တော့ ဆရာမကြီးတစ်ယောက်က နှုတ်ဆက်သည်။ သူက ဆုံရတာဝမ်းသာလို့ဆိုပြီး မိမိကို ဦးချကန်တော့ပေတော့သည်။ အားနာ၍ တားပါသော်လည်း မရပေ။ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာကင်းပါစေ၊ဘေးရန်ဝေးပါစေ စသဖြင့် ဆုတောင်းပေးလိုက်၏။ ကုသိုလ်တစ်ခု လျှဒါန်းမှုလည်းပြုမိ၏။

တစ်ခုခုတော့ ပေးဦးမှသင့်မည်။ သူတစ်ဦးသာ ပေးမည်ထက် ကျောင်းအုပ်ဆရာကြီးများအားလုံးကို ပေးမှတော်ပေမည်။ မိမိရေးသော စာအုပ်များ စုစုစည်းစည်း တင်ထားသောနေရာသို့ခေါ်သွားပြီး တစ်ယောက်တစ်အုပ် ကြိုက်ရာရွေးပါ။ စာအုပ်ဖိုးကို စာရေးသူက ရှင်းပါမည်ပြောရာ သူတို့တစ်အုပ်စီ ရွေးယူသွားကြလေသည်။ ဆွန်ဇု (တရုတ်စစ်သူကြီး) ဘီစီလေးရာစုက ရေးခဲ့ပြီး (အမေရိကန်ဗိုလ်မှူးချုပ်)၊ အာဂရစ်ဖစ် အင်္ဂလိပ်လိုရေးသည့်မူ (အခြားသူများ၏ အင်္ဂလိပ်မူကွဲတွေ များစွာရှိသေးသည်)ကို မိမိ တစ်ပိုဒ်ချင်းဘာသာပြန်ထားသော **"စစ်ပညာ"** စာအုပ်လည်း ယူသွားကြသဖြင့် ကျေးဇူးတင်မိပါသေးသည်။ ဝမ်းသာရ၏။

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ သံရုံးကို အီဂျစ်အစိုးရ ပြန်လည်ဖွင့်လှစ်

ကိုင်ရို နိုဝင်ဘာ ၈

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ သံရုံးကို နိုဝင်ဘာ ၇ ရက်တွင် ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံသည် ထရီပိုလီမြို့ရှိ လစ်ဗျားနိုင်ငံဆိုင်ရာ အီဂျစ်သံရုံးကို ၁၂ နှစ်ကြာ ပိတ်ထားခဲ့ပြီးနောက် နိုဝင်ဘာ ၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ထရီပိုလီမြို့ရှိ အီဂျစ်သံရုံးကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းသည် လစ်ဗျားနိုင်ငံနှင့်ပတ်သက်၍ အီဂျစ်အစိုးရ မူဝါဒပြောင်းလဲလာမှုကို ပြသနေကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အီဂျစ်နိုင်ငံသည် ယခင်က ထရီပိုလီအခြေစိုက် လစ်ဗျားအစိုးရ၏ ပြိုင်ဘက်အုပ်စုဖြစ်သည့် လစ်ဗျားအရှေ့ပိုင်း အခြေစိုက် ဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာ ဦးဆောင်သော လစ်ဗျားစင်ပြိုင် အစိုးရအဖွဲ့ကို အားပေးထောက်ခံခဲ့သည့် နိုင်ငံဖြစ်သည်။

အီဂျစ်နိုင်ငံသည် လစ်ဗျားပြိုင်ဘက် အစိုးရအဖွဲ့ နှစ်ဖွဲ့တို့ကြား စစ်ရေးပဋိပက္ခများ ပြင်းထန်လာချိန် ၂၀၁၄ ခုနှစ်တွင် ထရီပိုလီမြို့ရှိ အီဂျစ်သံရုံးကို စတင်ပိတ်ထားခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ကျောထောက်နောက်ခံ ပြုစစ်ဆင်ရေးတစ်ခုတွင် လစ်ဗျား ခေါင်းဆောင် ကဒါဖီသေဆုံးခဲ့ပြီးနောက် လစ်ဗျားနိုင်ငံမှာ ဖရိုဖရဲဖြစ်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ရာထူးရယူရန် ယူအက်ဖ်စီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေနာဂျိုက်ကို အမေရိကန်သမ္မတ ကမ်းလှမ်း



ဝါရှင်တန် နိုဝင်ဘာ ၈

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ရာထူးရယူရန် ယူအက်ဖ်စီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေနာဂျိုက်ကို အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ကမ်းလှမ်းထားကြောင်း နိုဝင်ဘာ ၇ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ကေတီဇာခါရီးယားသည် ပြီးခဲ့သည့် အောက်တိုဘာ ၁၆ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ထိုရာထူးရယူရန် ဒေနာဂျိုက်ကို သမ္မတဒေါနယ်ထရမ့်က ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ယူအက်ဖ်စီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေနာဂျိုက်သည် ကိုယ်ခံပညာ အားကစားသမား တစ်ဦးဖြစ်သကဲ့သို့ သမ္မတဒေါနယ်ထရမ့်၏ မိတ်ဆွေတစ်ဦးလည်းဖြစ်သည်။

ယခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော သမ္မတဒေါနယ်ထရမ့်၏ အသက် ၈၀ ပြည့်မွေးနေ့တွင် ယူအက်ဖ်စီက အိမ်ဖြူတော်၌ ကိုယ်ခံပညာပေါင်းစုံ ပြိုင်ပွဲတစ်ခု ကျင်းပပေးခဲ့သည်။

တိုက်ခိုက်ရေးသမား ဖြစ်သည့် ဒေနာဂျိုက်ကို အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ရာထူးရယူရန် သမ္မတဒေါနယ်ထရမ့်က ၎င်း၏ လူမှုမီဒီယာ စာမျက်နှာပေါ်၌ နိုဝင်ဘာ ၇ ရက်တွင် ရေးသားတိုက်တွန်းထားသည်။

ယူအက်ဖ်စီသည် ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲများကို စီစဉ်ကျင်းပ၍ ထုတ်လွှင့်ပြသပေးနေသော ကမ္ဘာ့အဖွဲ့အစောင်မြင်ဆုံး ကုမ္ပဏီဖြစ်ကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ယာရှာပါတီခေါင်းဆောင် ဂါဒီအိုင်ဆင်နော့ကို အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် အစွရေးသမ္မတ ရွေးချယ်

ဂျေရုဆလင် နိုဝင်ဘာ ၈

လွတ်တော် ရွေးကောက်ပွဲ အလွန်ကာလတွင် အစိုးရအဖွဲ့သစ် ဦးဆောင် ဖွဲ့စည်းရေးအတွက် ယာရှာပါတီခေါင်းဆောင် ဂါဒီအိုင်ဆင်နော့ကို အစွရေးသမ္မတအိုင်ဆက်ဟာဇော့ဂ်က နိုဝင်ဘာ ၇ ရက်တွင် ရွေးချယ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယာရှာ ပါတီခေါင်းဆောင် ဂါဒီအိုင်ဆင်နော့သည် လက်ရှိ အစွရေးဝန်ကြီးချုပ်နေတန်ယာဟု၏ အဓိကနိုင်ငံရေးပြိုင်ဘက် ဖြစ်သည်။

အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် အစွရေးလွှတ်တော် ရွေးကောက်ပွဲများတွင် ဂါဒီအိုင်ဆင်နော့နှင့် နေတန်ယာဟုတို့ နှစ်ဦးလုံးပြတ်သားသည့် အနိုင် ရလဒ်မျိုးမရခဲ့ကြောင်း သိရသည်။

သို့ရာတွင် ရွေးကောက်ပွဲ ရလဒ်များအရ ဝန်ကြီးချုပ်နေတန်ယာဟု၏ ညွှန့်ပေါင်းအုပ်စုမှာ လွှတ်တော်ကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရာ နေတန်ယာဟုသည် အာဏာဆက်လက် ရယူနိုင်ရန် ရုန်းကန်နေရသည်။

ယာရှာ ပါတီခေါင်းဆောင် ဂါဒီအိုင်ဆင်နော့ကို အစိုးရအဖွဲ့ သစ် ဦးဆောင်ဖွဲ့စည်းရေးအတွက် သမ္မတ အိုင်ဆက်ဟာဇော့ဂ်က ရွေးချယ်ထားမှုကို အာရပ်နိုင်ငံရေး ပါတီများကလည်း ထောက်ခံထားသည်။

ဂါဒီအိုင်ဆင်နော့သည် သမ္မတ အိုင်ဆက်ဟာဇော့ဂ်၏ တာဝန်ပေးချက်အရ အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် ၂၈ ရက်အချိန်ရမည် ဖြစ်ပြီး လိုအပ်ပါက ၁၄ ရက်ထိ ထပ်မံ သက်တမ်းတိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့နှင့် ဝန်းကျင်ဒေသများကို ရုရှားတပ်မတော်တိုက်ခိုက်

မော်စကို နိုဝင်ဘာ ၈

ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့နှင့် ဝန်းကျင်ဒေသများရှိ ယူကရိန်း တပ်မတော် စက်မှုလုပ်ငန်းများ၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအခြေခံအဆောက်အအုံများကို ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နိုဝင်ဘာ ၆ ရက် ညပိုင်း လေကြောင်း တိုက်ခိုက်မှုများအတွင်း ရုရှားတပ်များက ကိယက်ဗ်မြို့ရှိ နေ့သမ်ဘရစ်ချ် မြစ်ကူးတံတားကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါတံတားသည် ယူကရိန်း လက်နက်ကိုင် တပ်ဖွဲ့များအတွက် လက်နက်ခဲယမ်းများ၊ စစ်ပစ္စည်းများ၊ မော်တော်ယာဉ်များကို သယ်ယူပို့ဆောင်ရာတွင် အသုံးပြုနေသော တံတားဖြစ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ၆၅ ရုရှား၊ ယူကရိန်း၊ အမေရိကန် တာဝန်ရှိသူများကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ မစတင်မီ ယူကရိန်းပစ်မှတ်များကို ရုရှား တပ်မတော်က တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ရုရှား၊ ယူကရိန်း၊ အမေရိကန် နိုင်ငံတို့ကြား ယူကရိန်းငြိမ်းချမ်းရေး သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကို နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်ထိ အဘူဒါဘီမြို့၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **Ref : RT**

Trs : KKO

အီရန် လေကြောင်းရန် ကာကွယ်ရေးစနစ်တစ်ခုကို အမေရိကန်တပ်မတော်တိုက်ခိုက်



ဝါရှင်တန် နိုဝင်ဘာ ၈

အီရန်နိုင်ငံကို စစ်ရေးအရ အကန့်အသတ်ဖြင့် တိုက်ခိုက်မှုများကို အမေရိကန်တပ်မတော်က နိုဝင်ဘာ ၆ ရက်တွင် ပြုလုပ်ခဲ့သည်ဟု အမေရိကန်သမ္မတဒေါနယ်ထရမ့်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အသေးစားစစ်ရေးတိုက်ခိုက်မှုအတွင်း အမေရိကန်တပ်မတော်က အီရန်လေကြောင်းရန် ကာကွယ်စနစ်တစ်ခုကို ၁၅ မိနစ်အတွင်း ဖျက်ဆီးခဲ့ကြောင်း သမ္မတဒေါနယ်ထရမ့်က သတင်းထောက်များနှင့် နိုဝင်ဘာ ၇ ရက်တွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အမေရိကန်တပ်မတော်က နိုဝင်ဘာ ၆ ရက်တွင် တိုက်ခိုက်ခဲ့သော အီရန်ပစ်မှတ်နှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို သမ္မတဒေါနယ်ထရမ့်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြား ဒေသ ကီရှမ်ကျွန်း ဆူဇောနယ်မြေ၌ နိုဝင်ဘာ ၆ ရက်တွင် ပြင်းထန်သော ပေါက်ကွဲမှုနှစ်ရပ် ဖြစ်ပွားခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် တပ်မတော်သည် နိုဝင်ဘာ ၂ ရက်ကလည်း အီရန်နိုင်ငံ ကီရှမ်ကျွန်းနှင့် ဟန်ဂမ်းကျွန်းတို့ကို စစ်ရေးအရတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက်တိုက်ခိုက်မှုသည် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲ၌ သမ္မတဒေါနယ်ထရမ့်၏ ရီပတ်ဘလီကန်ပါတီ အရေးနိမ့်ခဲ့ရပြီးနောက် အမေရိကန်တပ်မတော်က ပထမဆုံး အကြိမ်ပြုလုပ်ခဲ့သော အီရန်ကို လေကြောင်း တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

တရုတ်အမျိုးသားအာကာသအေဂျင်စီက အဝေးအာရုံခံဂြိုဟ်တုအုပ်စုတစ်စုကို အောင်မြင်စွာ လွှတ်တင်ခဲ့



ပေကျင်း နိုဝင်ဘာ ၈

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယောင်ကန်း ၅၁ အဝေးအာရုံခံ ဂြိုဟ်တုအုပ်စုတစ်စုကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း တရုတ်မီဒီယာများက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယောင်ကန်း - ၅၁ ဝ၇-ဝ၉ ဂြိုဟ်တုအုပ်စုကို လောင်းမတ်ချ်-၂ စီဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချမ်ပြည်နယ် ရှီချန်း ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ် -၂ စီ ဒုံးပျံသည် ယောင်ကန်း -၅၁ ဝ၇-ဝ၉ ဂြိုဟ်တုအုပ်စုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လွှတ်တင်ခဲ့သည့် ယောင်ကန်း-၅၁ ဝ၇-ဝ၉ ဂြိုဟ်တုအုပ်စုခွဲ ဂြိုဟ်တုစင်းရေ မည်မျှ ပါဝင်ခဲ့သည်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။။

ယောင်ကန်း ၅၁ ဝ၇-ဝ၉ ဂြိုဟ်တုများကို သိပ္ပံပညာစမ်းသပ်မှုများနှင့် လျှပ်စစ်သံလိုက်ပတ်ဝန်းကျင်ကို လေ့လာရေးတို့အတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါယောင်ကန်း ၅၁ ဝ၇-ဝ၉ ဂြိုဟ်တုများ လွှတ်တင်မှု မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ဖဂုကြိမ်မြောက်အာကာသ မစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua News

Trs : KKO

Kudzu ခေါ် အပင်တစ်မျိုးက အရက်စွဲမှုကို ကုသပေးနိုင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၈

Kudzu အမည်ရှိ အပင်တစ်မျိုးသည် အရက်စွဲမှုပြဿနာကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Kudzu အပင်မှရရှိထားသည့် ဓာတုဒြပ်ပေါင်းများဖြင့် ဖန်တီးထားသော ဖြည့်စွက်ဆေးတစ်မျိုးကို သောက်သုံးပါက အရက်စွဲနေသူများ၏ အရက်သောက်သုံးမှုပမာဏ လျော့နည်းကျဆင်းသွားတတ်ကြောင်း သိရသည်။

မိမိတို့၏ လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Kudzu ဖြည့်စွက်ဆေးများသုံးစွဲခြင်းဖြင့် အရက်သောက်သုံးမှုပမာဏ လျော့ပါးလာနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Kudzu ဓာတုဒြပ်ပေါင်းများသည် အရက်စွဲမှုပြဿနာကို ကုသရေးအတွက် ကုထုံးသစ်များပေါ်ထွက်လာစေရန် လမ်းဖွင့်ပေးနိုင်ကြောင်း၊ အရက်သေစာအလွန်အကျွံ သောက်သုံးမှုကြောင့် ကင်ဆာရောဂါများနှင့် နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် Kudzu အပင်၏ ဓာတုဒြပ်ပေါင်းများကို အရက်စွဲလူနာ ၁၂၀ တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားနယ်ပယ်အတွင်း ရောက်ရှိနေသည့် ဂြိုဟ်ရံလငယ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

ဝါရှင်တန် နိုဝင်ဘာ ၈

ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားနယ်ပယ်အတွင်း ရောက်ရှိနေသည့် ဂြိုဟ်ရံလငယ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

2026 QQ8 ဟု အမည်ပေးထားသည့် အဆိုပါဂြိုဟ်ရံလငယ်ကို ယခုနှစ် ဩဂုတ်လတွင် ဟန်ဂေရီ နက္ခတ္တရူပဗေဒပညာရှင် ခရစ္စတီယန်ဆာနက်စကီးက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဧပြီလအတွင်း ကမ္ဘာ၏ ဒြပ်ဆွဲအားနယ်ပယ်အတွင်း စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ နက္ခတ္တဗေဒသမဂ္ဂက သတင်းထုတ်ပြန်ထားသည်။



သို့ရာတွင် 2026 QQ8 ဂြိုဟ်ရံလငယ်သည် ကမ္ဘာဂြိုဟ်ကို ကာလကြာမြင့်စွာ လှည့်ပတ်နေမည်မဟုတ်ဘဲ ၂၀၂၇ ခုနှစ် အစပိုင်းတွင် ကမ္ဘာ့ဒြပ်ဆွဲအား နယ်ပယ်တွင်းမှ ပြန်လည်ထွက်ခွာဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားထားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ 2026 QQ8 ဂြိုဟ်ရံလငယ်၏ အရွယ်အစားမှာ အချင်းခြောက်မီတာထိသာ ရှိပြီးလက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၃၅၃၀၀၀ အကွာတွင်ရှိနေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

ပိုတက်စီယမ်ကြွယ်ဝသည့်ဆားစားသုံးပါက နှလုံးပြဿနာများကြောင့် သေဆုံးမှုကို တားဆီးနိုင်

ကင်ဘာရာ နိုဝင်ဘာ ၈

မီးဖိုချောင်သုံးဆား(Sodium-Chloride) နေရာတွင် ပိုတက်စီယမ်ကြွယ်ဝသည့် ဆားအစားထိုးအသုံးပြုပါက နှလုံးပြဿနာများကြောင့် သေဆုံးမှုကို တားဆီးပေးနိုင်ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထိုပြင် မီးဖိုချောင်သုံးဆားအစား ပိုတက်ဆီယမ်ကြွယ်ဝသည့် ဆားအသုံးပြုပါက တစ်ကမ္ဘာလုံး အတိုင်းအတာအရ နှလုံးသွေးကြောရောဂါများနှင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှု ၁၀ သန်းခန့်ကို တားဆီးနိုင်ကြောင်း သိရသည်။

သြစတြေးလျသုတေသနပညာရှင်များသည် ပိုတက်ဆီယမ်ကြွယ်ဝသည့် ဆားဓာတ်၏ ကျန်းမာရေးအကျိုးကျေးဇူးများကို သိရှိနားလည်ရေးအတွက် ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံတို့၏ ဆားစားသုံးမှုပုံစံများကို လေ့လာခဲ့ကြသည်။

သြစတြေးလျသုတေသနပညာရှင်များသည် ရလဒ်များအရ တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဆိုဒီယမ်ကလိုရိုက်ဆားနေရာတွင် ပိုတက်ဆီယမ်ကြွယ်ဝသည့် ဆားကို အစားထိုးသုံးစွဲပါက နှလုံးသွေးကြောရောဂါများနှင့် ကျောက်ကပ်ရောဂါတို့ကြောင့် သေဆုံးမှု ၂ ဒသမ ၉၆ သန်းကို တားဆီးပေးနိုင်ပြီး နှလုံးသွေးကြောရောဂါနှင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှု ၁၀ ဒသမ ၁၇ သန်းကို ကာကွယ်နိုင်ကြောင်း သိရသည်။

ဆိုဒီယမ်ကလိုရိုက်ဆားကို အလွန်အကျွံစားသုံးမှုသည် နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှုကဲ့သို့ နှလုံးသွေးကြောရောဂါများ၏ နောက်ခံအကြောင်းတရားဖြစ်သော သွေးတိုးရောဂါနှင့်ဆက်စပ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

နာဆာနှင့် ကနေဒါအာကာသယာဉ်မှူးတို့က နိုဝင်ဘာ ၇ ရက်တွင် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့ကြ

ဝါရှင်တန် နိုဝင်ဘာ ၈

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး အန်နီးလ်ဖီခွန်နှင့် ကနေဒါ အာကာသယာဉ်မှူး ဂျီရှူဝါကတ်ထရစ်တို့သည် နိုဝင်ဘာ ၇ ရက်တွင် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာနေချိန်အတွင်း နာဆာအာကာသယာဉ်မှူး အန်နီးလ်ဖီခွန်နှင့် ကနေဒါအာကာသယာဉ်မှူး ဂျီရှူဝါကတ်ထရစ်တို့သည် နိုင်ငံတကာအာကာသစခန်း၏ ရှစ်ခုမြောက်နှင့် နောက်ဆုံးနေစွမ်းအင်ပြားသစ်ကို အပြီးသတ်တပ်ဆင်ပေးနိုင်ခဲ့ပြီး နိုင်ငံတကာအာကာသစခန်းပြင်ပ ထွက်ခွာချိန်သည် ခြောက်နာရီနှင့် ၅၉ မိနစ်ကြာမြင့်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအာကာသယာဉ်မှူး ဖီခွန်နှင့် ကနေဒါအာကာသယာဉ်မှူး ကတ်ထရစ်တို့သည် နေစွမ်းအင်ပြားတပ်ဆင်နိုင်ရေးအတွက် အောက်တိုဘာ ၂၉ ရက်ကလည်း နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့ပြီးဖြစ်သည်။

နာဆာအာကာသယာဉ်မှူး ဖီခွန်သည် နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာမှု လေးကြိမ်ထိပြုလုပ်ထားပြီး ကနေဒါအာကာသယာဉ်မှူး ကတ်ထရစ်ကမူ နှစ်ကြိမ်ထိ ပြုလုပ်ထားပြီးဖြစ်သည်။

အဆိုပါမစ်ရှင်သည် နိုင်ငံတကာအာကာသစခန်း အာကာသယာဉ်မှူးများက ပြုလုပ်ခဲ့သော ၂၈၆ ကြိမ်မြောက် အာကာသစခန်းပြင်ပ ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



ဟောင်ကောင်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် ကလာရီလုဆွတ်ခူး



ဟောင်ကောင် နိုဝင်ဘာ ၈

ဟောင်ကောင်တွင် ကျင်းပခဲ့သည့် ဟောင်ကောင်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် ဖိလစ်ပိုင်တင်းနစ်မယ် အဲလက်အီလာနှင့် အမေရိကန်တင်းနစ်မယ် ကလာရီလုတို့ကစားခဲ့ရာ ကလာရီလုက နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် ကလာရီလုက ဖိအားပေးကစားခဲ့ကာ (၆-၃)ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် ဒုတိယပွဲငယ်တွင် အဲလက်အီလာက ဒူးဒဏ်ရာရရှိခဲ့သော်လည်း ပြိုင်ပွဲကို ဆက်လက်ကစားခဲ့ရာ ကလာရီလုက အကောင်းဆုံး ဖိအားပေးကစားခဲ့ပြီး (၆-၀)ရလဒ် ရမှတ်ပြတ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက် ၂၆ နှစ်ရှိ ကလာရီလုသည် လက်ရှိကမ္ဘာ့အဆင့် (၁၀၂) နေရာတွင် ရပ်တည်နေသူဖြစ်ပြီး WTA Tour အဆင့်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကလာရီလုက "ကျွန်မ ဗိုလ်လုပွဲစဉ်တွေရဲ့ လေးခါမြောက်မှာ ပထမဆုံး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီရက်သတ္တပတ်က ကျွန်မအတွက် ပျော်စရာ အခိုက်အတန့်ပါ။ အခုလို ပထမဆုံးWTA Tour ပြိုင်ပွဲမှာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာ ဂုဏ်ယူဝမ်းမြောက်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၃)တွင် ISPEအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရ



ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၂၃)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ISPEအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀ တွင် ကောင်းခန့်ကျော်၊ ပွဲချိန် ၃၄ မိနစ်နှင့် ၆၄ မိနစ်တို့တွင် စစ်ငြိမ်းချမ်းဦးတို့က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုလေးမိနစ်တွင် ဇွနိုင်ဝင်း၊ ပွဲချိန် ၅၇ မိနစ်တွင် ဇေထက်အောင်၊ ပွဲချိန် မိနစ် ၆၀ တွင် အောင်မျိုးမင်း၊ ပွဲချိန် ၆၇ မိနစ်နှင့် ၈၄ မိနစ်တွင် ခွန်ချိုထူးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၂၃)ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၉ ရက်တွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပါရီဒက်၏ ၁၀ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေအတွက် အားကစားသမာဓိခုံရုံးတွင်အယူခံဝင်ရောက်

ဗျူနိုစ်အေရိစ် နိုဝင်ဘာ ၈

အာဂျင်တီးနားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အာဂျင်တီးနားအသင်းမှ ပါရီဒက်၏ ၁၀ ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၃၂၀၀၀၀ အတွက် အားကစားသမာဓိခုံရုံးတွင် အယူခံဝင်ရောက်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကစားခဲ့သည့် စပိန်အသင်းနှင့် အာဂျင်တီးနား အသင်းတို့ ပွဲစဉ်အပြီးတွင် အောင်ပွဲခံရန် ကွင်းအတွင်းပြေးဝင်လာသည့် စပိန်အသင်းမှ ဂါဗီကို ပါရီဒက်ကဆွဲလှဲပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်အတွက် ကွင်းလယ်ဒိုင်က ပါရီဒက်ကို အနီကတ်ပြသခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြန်လည်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ပါရီဒက်ကို နိုင်ငံတကာပွဲစဉ် ၁၀ ပွဲပယ်ပြစ်ဒဏ်အပြင် ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၃၂၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပါရီဒက်၏ ပြစ်ဒဏ်များအတွက် အစောပိုင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် ယခုအခါ အားကစားသမာဓိခုံရုံးတွင် အယူခံဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ် (၁၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ MFF Fustal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက အဗန်ဂျာဂျူနီယာအသင်းနှင့် ဗစ်တိုးရီးယားအသင်းတို့ကစားခဲ့ရာ ဗစ်တိုးရီးယားအသင်းက ၁၁ ဂိုး လေးဂိုး၊ နံနက် ၁၀နာရီက Jullniss အသင်းနှင့် မဟာဘားမားအသင်းတို့ ကစားခဲ့ရာ မဟာဘားမားအသင်းက ခုနစ်ဂိုး နှစ်ဂိုး၊ နံနက် ၁၁နာရီခွဲက Bushido အသင်းနှင့် ယူနိုက်တက်စီးတီးအသင်းတို့ ကစားခဲ့ရာ ယူနိုက်တက်စီးတီး အသင်းက လေးဂိုးတစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီက မာရိန်အသင်းနှင့် SGF Youth အသင်းတို့ကစားခဲ့ရာ SGF Youth အသင်းက လေးဂိုး တစ်ဂိုး၊ မွန်းလွဲ ၂ နာရီခွဲက ပစိဖိတ်ဆန်းဖားအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက ငါးဂိုး လေဂိုးညနေ ၄နာရီက မင်းမဟော်အသင်းနှင့် TKA Star အသင်းတို့ ကစားခဲ့ရာ မင်းမဟော်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ကြောင်း သိရသည်။

STA

အဘူဒါဘီချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်း ချန်ပီယံဆုဆွတ်ခူး

အဘူဒါဘီ နိုဝင်ဘာ ၈

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင်ကျင်းပခဲ့သည့် အဘူဒါဘီချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပြိုင်ပွဲတွင် ဂျွန်ရမ်းက ပထမအကျော့နှင့် ယနေ့ကျင်းပခဲ့သည့် စတုတ္ထအကျော့ပွဲစဉ်တို့တွင် စွမ်းဆောင်ရည်ပိုင်း ကျဆင်းခဲ့သော်လည်း ဒုတိယအကျော့နှင့် တတိယအကျော့တို့တွင် ရလဒ်များ ကောင်းမွန်ခဲ့သည့်အတွက် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၃ လျော့ရိုက်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျွန်ရမ်းသည် ပထမအကျော့တွင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့၊ ဒုတိယအကျော့တွင် ကိုးချက်လျော့၊ တတိယအကျော့တွင် ငါးချက်လျော့၊ စတုတ္ထအကျော့တွင် သုံးချက်လျော့ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲအပြီး ဂျွန်ရမ်း၏ နောက်တွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဟာတန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား မက်အီရွိုင်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ကာ တတိယနေရာတွင် ရပ်တည်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမား လာပေါ်တာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ဖြင့် စတုတ္ထနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : DP Tour

Trs : STA

CHINA- ASEAN Esports Competition ပြိုင်ပွဲတွင် Mobile Legends Bang Bang (MLBB)ပြိုင်ပွဲ၌ မြန်မာအသင်း ရွှေတံဆိပ်ဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၈

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် CHINA-ASEAN Esports Competition Mobile Legends Bang Bang (MLBB) ပြိုင်ပွဲ၌ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစား ခဲ့ရာ မြန်မာအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြောင်း သိရသည်။



CHINA-ASEAN Esports Competition ပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် MSL ပြိုင်ပွဲ၌ YG အသင်းနှင့် Falcon အသင်းတို့ ကစားခဲ့ရာ Falcon အသင်းက အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ ကိုယ်စားပြုအသင်း အဖြစ် Falcon အသင်းက ဝင်ရောက် ကစားခွင့်ရခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက မြန်မာအသင်းသည် အာဆီယံဒေသတွင်း အင်အားကြီး အသင်းတစ်သင်း ဖြစ်သည့် အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်အနိုင် ရပြီးနောက် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် CHINA-ASEAN Esports Competition ပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် အိမ်ရှင် တရုတ်အသင်း အပါအဝင် အာဆီယံဒေသတွင်း ထိပ်တန်း အသင်းများကို ကျော်ဖြတ်ကာ ရွှေတံဆိပ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ **STA**

Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျပန်ဂေါက်သီးရိုက်မယ် ဆာကူမာဆွတ်ခူး

တိုကျို နိုဝင်ဘာ ၈

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန် ဂေါက်သီးရိုက်မယ် ဆာကူမာက ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း LPGA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာကူမာသည် ပြိုင်ပွဲ၏ ပထမ အကျော့ပွဲစဉ်တွင် သတ်မှတ်ရိုက်ချက် နှစ်ချက်လျော့၊ ဒုတိယ အကျော့ပွဲစဉ်တွင် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့၊ တတိယအကျော့ပွဲစဉ်တွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့၊ စတုတ္ထအကျော့ပွဲစဉ်အဖြစ် ယနေ့တွင်ကစားခဲ့ရာ သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဆာကူမာက “အိမ်ရှင်ပရိသတ်တွေရှေ့မှာ ချန်ပီယံဆုကိုင်မြှောက်နိုင်ခဲ့တာ တကယ်ကျေနပ်ဖို့ကောင်းပါတယ်။ ပထမအကျော့မှာ အနည်းငယ်ရုန်းကန်ခဲ့ရတယ်ဆိုပေမဲ့ အကောင်းဆုံးပြန်လာနိုင်လို့ အခုလိုချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ ဒီနေ့ နောက်ဆုံးအကျော့က စွမ်းဆောင်ရည်က ကျေနပ်ဖို့အကောင်းဆုံးပါ” ဟု ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ်များ ဖြစ်ကြသည့် အကီအိုင်ဝေက သတ်မှတ်ရိုက်ချက်ထက် စုစုပေါင်း ၁၆ ချက်လျော့ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး အီရီကာဟာရာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : LPGA

Trs : STA



အာဆင်နယ်အသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီအစ ၁၀ပွဲကစားပြီးချိန် ကိုးပွဲအနိုင်ရသည့် မှတ်တမ်းကောင်းတစ်ရပ်ပြန်လည်ရရှိ

လန်ဒန် နိုဝင်ဘာ ၈

အာဆင်နယ် အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် နိုဝင်ဘာ ၇ ရက်က ကစားခဲ့သည့် ဟူးလ်စီးတီးအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီးနောက် ၎င်းတို့ အသင်းရယူခဲ့ဖူးသည့် ရာသီအစ ၁၀ ပွဲကစားပြီးချိန် ကိုးပွဲအနိုင်ရသည့် မှတ်တမ်းကောင်း တစ်ရပ်ကို ပြန်လည်ရရှိခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၀)အဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ဟူးလ်စီးတီးအသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းက ပွဲချိန် ၇၂ မိနစ်တွင် အိုဒီဂတ်၏ တစ်လုံးတည်းသောသွင်းဂိုးအဖြစ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ် အသင်းသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ရာသီအစ ၁၀ ပွဲတွင် ကိုးပွဲအနိုင် ရသည့် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ တွင်လည်း ရာသီအစ ၁၀ ပွဲတွင် ကိုးပွဲနိုင် မှတ်တမ်းကောင်း တစ်ရပ် ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။

သို့သော် အာဆင်နယ်အသင်း သည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ရာသီအစ ၁၀ ပွဲတွင် ကိုးပွဲအနိုင်ရခဲ့သော်လည်း ရာသီအကုန်တွင် မန်စီးတီးအသင်း၏ နောက် အဆင့်(၂)နေရာ၌သာ ရပ်တည်ခဲ့သည်။

အာဆင်နယ် အသင်းသည် ဟူးလ်စီးတီးအသင်းကို အနိုင်ရခဲ့ပြီးနောက် ၁၀ ပွဲကစားပြီးချိန်တွင် ကိုးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၂)နေရာမှ မန်စီးတီးအသင်းကို ခြောက်မှတ်ထိ ဖြတ်တောက်ကာ အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

မေဂျာလိဂ်ပြိုင်ပွဲတွင် နှစ်ရာသီဆက်သွင်းဂိုးအများဆုံးကစားသမားဆု ဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားအဖြစ် အင်တာမိယာမိအသင်းမှ မက်ဆီရပ်တည်



မိယာမီ နိုဝင်ဘာ ၈

အင်တာမိယာမီ အသင်း တိုက်စစ်ကစားသမား မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲတွင် နှစ်ရာသီဆက် သွင်းဂိုးအများဆုံး ကစားသမားဆု ဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း Sky Sports သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် မေဂျာလိဂ်ပြိုင်ပွဲ၌ သွင်းဂိုး ၃၅ ဂိုးဖြင့် သွင်းဂိုးအများဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ သကဲ့သို့ ၂၀၂၆-၂၀၂၇ ဘောလုံး ရာသီတွင်လည်း သွင်းဂိုး ၂၆ ဂိုး သွင်းယူခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမားဆုကို နှစ်ရာသီဆက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မက်ဆီသည် ယခုနှစ် ဘောလုံးရာသီ မေဂျာလိဂ်ပြိုင်ပွဲ တွင် သွင်းဂိုး ၂၆ ဂိုးဖြင့် သွင်းဂိုး အများဆုံး ကစားသမားစာရင်း တွင် ထိပ်ဆုံး၌ရပ်တည်ခဲ့ သကဲ့သို့ ဂိုးဖန်တီးမှုအများဆုံး ကစားသမား စာရင်းတွင်လည်း ၁၃ ကြိမ် ပြုလုပ်ခဲ့ကာ ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေ သည့်အတွက် ပြိုင်ပွဲ၏ စွမ်းဆောင်ရည် အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံ ခဲ့ရသူဖြစ်သည်။

မက်ဆီသည် အင်တာမိယာမီ အသင်းနှင့်အတူ ဘောလုံးရာသီ လေးရာသီအတွင်း ပြိုင်ပွဲစုံ ၁၂၄ ပွဲ ကစားထားပြီး သွင်းဂိုး ၁၀၇ ဂိုးနှင့် ဂိုးဖန်တီးမှု ၅၈ ကြိမ်ထိ ပြုလုပ်ထားကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

အာရှဖလားယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှဖလားယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲအုပ်စုအဖွင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ မြန်မာအသင်းက အာဂဖန်နစ္စတန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အာဂဖန်နစ္စတန်အသင်းက ခြေစွမ်ပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းကို လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အာရှဖလားယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အခြားအုပ်စု အဖွင့်ပွဲစဉ် အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ကစား ခဲ့ရာ ဖိလစ်ပိုင်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အာရှဖလားယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင် အသင်း ၃၅ သင်းဖြင့် ကျင်းပနေခြင်းဖြစ်ပြီး အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာနိုင်ငံအပါအဝင် နိုင်ငံခုနစ်နိုင်ငံတွင် ကျင်းပနေခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုလက်ကျန် ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် လည်းကောင်း ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။ **STA**

နို့နှင့်အသားဖူလုံရေး နွားမွေးမြူရေးလုပ်ငန်းများကိုအားပေး

စံမြတ်ဘုန်း(စစ်ကိုင်း)

ကမ္ဘာတစ်ဝန်း အမဲသားစားသုံးမှုသည် ၁၉၈၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၄၂ ဒသမ ၄ သန်းရှိရာမှ တစ်နှစ်လျှင် ပျမ်းမျှ သုည ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အမဲသားအများဆုံးစားသုံးသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့အမဲသားစားသုံးမှု စုစုပေါင်း၏ ၂၂ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိသည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ ယနေ့ထိ ကမ္ဘာ့အမဲသားစားသုံးမှုပမာဏအရ အမေရိကန်၏ ပျမ်းမျှစားသုံးမှု ၂၃ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အမဲသားစားသုံးမှုပမာဏဒုတိယဖြစ်ပြီး ဘရာဇီးနိုင်ငံသည် တတိယ၊ ဥရောပသမဂ္ဂ (EU) သည် စတုတ္ထဖြစ်သည်။ အမဲသားအများဆုံးထုတ်လုပ်သည့် နိုင်ငံများသည် အမဲသားစားသုံးမှုပိုများပြီး တရုတ်နိုင်ငံသည် ပြည်တွင်းထုတ်အမဲသားသာမက ပြည်ပမှအမဲသားအများဆုံး တင်သွင်းသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် အမဲသားစားသုံးမှုနှင့် ပတ်သက်၍ ယဉ်ကျေးမှုအရဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုအရဖြစ်စေ၊ နွားနှင့်ဖက်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ခဲ့မှုကြောင့်ဖြစ်စေ ဘာသာရေးလိုက်စားမှုအရဖြစ်စေ အမဲသားစားသုံးမှုနည်းပါးသည်ကိုတွေ့ရသည်။ ယနေ့မြို့ပြများတွင် စားသောက်ဆိုင်၊ အကင်ဆိုင်များ ပိုမိုများပြားလာပြီး၊ ကြက်၊ ဝက်၊ အမဲ၊ ပင်လယ်စာ အစရှိသော အသားများကို တွင်ကျယ်စွာရောင်းချခြင်းကြောင့် အမဲသားစားသုံးမှုနည်းလာသည်။ အမဲသားတွင် ပရိုတင်းဓာတ်ပြည့်ဝစွာပါရှိပြီး သွေးအားကောင်းစေသည့် ဗီတာမင်ဓာတ်နှင့် သံဓာတ်ကြွယ်ဝစွာပါရှိသည်။ လူ့ကိုယ်ခန္ဓာ၏ ကြွက်သားလုပ်ဆောင်မှုနှင့် အာရုံကြောစနစ်ကောင်းမွန်မှုကို အထောက်အကူပြုသည့် ဇင့်ဓာတ်လည်းပါဝင်သည်။ အစာလည်းဆေး၊ ဆေးလည်း အစာဆိုသည့်အတိုင်း ကျန်းမာရေးအည့်ရှိသူများက သွေးအားကောင်းမွန်စေရန် အမဲသားစားသုံးကြသည်။ အမဲသားကို အလွန်အကျွံစားပါကလည်း ကျန်းမာရေးဆိုးကျိုးများရရှိနိုင်သဖြင့် သတိပြုကြရမည်ဖြစ်သည်။

သို့တိုင် အသားစားနွား မွေးမြူထုတ်လုပ်ရေးသည် စိုက်ပျိုးစီးပွား (Agribusiness)အရ စွေးကွက်ရှိပြီး ရေရှည်ဆောင်ရွက်သွားနိုင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာရှနှင့် ကမ္ဘာ့စွေးကွက်တွင် အသားဝယ်လိုအားရှိသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် အထောက်အကူပြုသည့် မွေးမြူရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ပနိုင်ငံများ၌ သားထိန်းနွားမွေးမြူခြင်းပြုလုပ်ရာတွင် မျိုးဆက်ပွားရန်အတွက် နွားအုပ်ကို ထိန်းသိမ်းမွေးမြူခြင်း၊ နွားငယ်လေးများကို ပြုစုပျိုးထောင်ခြင်းနှင့် ပုံမှန်အားဖြင့် နို့ခွာပြီးသား နွားငယ်များကို အစာကျွေးမွေး၍ အသားတိုးအောင် ဆောင်ရွက်မည့်မွေးမြူရေးလုပ်ငန်းများဆီသို့ပြန်လည်ရောင်းချသည်။ အဆိုပါ မွေးမြူရေးလုပ်ငန်းများမှလည်း နွားများကို စွေးကွက်ဝင်အလေးချိန်ရရှိသည်ထိ အစာကျွေးမွေးပြီးနောက် အသားထုတ်လုပ်ရန်အတွက် ပြည်တွင်းပြည်ပသို့ နိုင်ငံခြားဝင်ငွေရရှိအောင် တင်ပို့ရောင်းချကြသည်။

နွားမွေးမြူရေးလုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရွေးချယ်မွေးမြူခြင်း၊ အာဟာရညီညွတ်မှုတစ်စွာ ပါဝင်သော အစားအစာများကို လုံလောက်စွာ ကျွေးမွေးခြင်း၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ပြုလုပ်ကြရမည်ဖြစ်သည်။ နွားမွေးမြူရာတွင် လွတ်ကျောင်းစနစ်၊ ခြံလှောင်စနစ်၊ လွတ်ကျောင်းနှင့် ခြံလှောင်ပူးတွဲစနစ်ကို ကျင့်သုံးကြသည်။



အသားစားနွားမွေးမြူရေး၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများသည် အများအားဖြင့် မွေးမြူသည့်နည်းစနစ်၊ နွားခြံမြေနေရာရွေးချယ်မှု ပုံစံတူညီကြသည်။ နွားခြံမြေနေရာရွေးချယ်ရာတွင် ရေဝပ်ရေကြီးခြင်းမရှိသောနေရာ၊ မိုးရေနှင့် အညစ်အကြေးများ စီးဆင်းမှုလွယ်ကူစေရန် ကုန်းမြင့်နေရာ၊ လူနေအိမ်နှင့် သီးခြားဖြစ်သော နေရာများကို ရွေးချယ်ရမည်ဖြစ်သည်။ မည်သည့်မွေးမြူသည့် စနစ်ကိုသုံး၍ မွေးမြူသည်ဖြစ်စေ အဆောက်အအုံဆောက်လုပ်ပေးရန်လိုအပ်သည်။

နွားမွေးမြူရာတွင် ခြံအတွင်း နွားကောင်ရေများပါက မျက်နှာချင်းဆိုင် သို့မဟုတ် ဖင်ချင်းဆိုင်၍ အလယ်မှလူသွားရန် သုံးပေအကျယ်လမ်းထားပေးရမည်ဖြစ်သည်။ ထို့အတူ နံနက်ခင်းနေရောင်ရရှိရန်နှင့် မွန်းလွဲနေမကျစေရန် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ နွားများအပူဒဏ်ခံနိုင်ရန် အမိုးကို ဓနိသို့မဟုတ် သက်ငယ်မိုးရန်လိုအပ်ပြီး လေဝင်လေထွက်ကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ကြမ်းပြင်သည် ချောမနေရဘဲ သန့်ရှင်းရေးပြုလုပ်ရလွယ်ကူသော ကြမ်းခင်းဖြစ်အောင် ပြုလုပ်ထားရမည်ဖြစ်သည်။

နို့စားနွားမျိုးများအဖြစ် ဖရီရှန်၊ ဂျာစီ၊ အေရှိုင်းယားမျိုးများ မွေးမြူလေ့ရှိကြသည်။ နို့ထွက်နှုန်းအသင့်အတင့်ကောင်းမွန်သော ဒေသနွားမများကို နိုင်ငံခြားမျိုးစပ်၊ မျိုးစစ်နွားသိုးနှင့် သားစပ်ခြင်း၊ အရည်အသွေးမြင့်မားသော နိုင်ငံခြားနို့စားနွားမျိုး ၁၀၀ ရာခိုင်နှုန်း သို့မဟုတ် ၇၅ ရာခိုင်နှုန်းနှင့် မေထုန်မဲ့သားစပ်ခြင်းများ ဆောင်ရွက်နိုင်ပေသည်။ ပေါက်ဖွားလာသော မျိုးစပ်နွားမများသည် မိခင်ထက် နို့ထွက်နှုန်းပိုမိုမြင့်မားကြသည်။ မျိုးရိုးနှင့် ကျွေးမွေးပြုစုစောင့်ရှောက်မှုပေါ်မူတည်၍ ဖရီရှန်စပ်နွားမတမ်းသားသည် နို့ငါးပိသာမှ ခြောက်ပိသာခန့်ထိ ထွက်ရှိနိုင်သည်။

နွားမများ၏ ပဋိသန္ဓေရက်မှာ ပျမ်းမျှ ရက် ၂၈၀ ဖြစ်သည်။ နို့ပေးကောင်းသော နွားမကိုယ်ဝန်ဆောင်ကာလတွင် နို့ညှစ်ခြင်းကိုရပ်ခြင်း၊ နို့ခန်းကာလပေးခြင်းဖြင့် နောက်တစ်သားတွင် မြင့်မားသော နို့ထုတ်လုပ်မှုကို ဖြစ်စေသည်။

နွားမကို သားမွေးရန် တစ်ပတ်အလိုခန့်မှစ၍ သန့်ရှင်းခြောက်သွေးသော အခန်းတွင် သီးခြားထား၍ အစာနုလျှော့ကျွေးရမည်ဖြစ်သည်။ မွေးဖွားခါနီး နွားမတွင် တွေ့ရှိရသည့်လက္ခဏာများမှာ အစာစားလိုစိတ်နည်းသွားခြင်း၊ လှဲလိုက်၊ ထလိုက်ဖြင့် ဂနာမငြိမ်ဖြစ်ခြင်း၊ နို့အုံတွင်နို့များပြည့်လာခြင်း၊ တင်းလာခြင်းမကြာခဏအော်ခြင်းပြုလုပ်လာခြင်းပင်ဖြစ်သည်။

နွားမကြီးမှ မွေးဖွားလာသည့်နွားငယ်လေးများ ပြုစုရာတွင် နွားငယ်လေးများ၏ ပါးစပ်၊ နှာခေါင်းတို့တွင် ရှိနေသည့်အချဲ့များကို ဖယ်ရှားပေးခြင်း၊ အသက်မရှူနိုင်ပါက ပါးစပ်အတွင်းသို့ လေမှုတ်သွင်းပေးရခြင်း၊ ချက်ကြိုးအလွန်ရှည်ပါက အရက်ပြန်စိမ်ထားသောကြိုးဖြင့် ချက်ကြိုးအရင်းမှသုံးလက်မခန့်ခွာ၍ ချည်ပြီးဖြတ်ပေးရခြင်း၊ တင်ချာအိုင်အိုဒင်းသုတ်ပေးခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ရေမွှာပေါက်ပြီး သားမမွေးနိုင်လျှင်လည်းကောင်း၊ သားမွေးပြီး ၂၄ နာရီကျော်သည်ထိ အချင်းမကျသေးလျှင်လည်းကောင်း တိရစ္ဆာန်ဆေးကုဆရာဝန်ထံ ဆက်သွယ်အကူအညီ တောင်းခံရမည်ဖြစ်သည်။ အဆိုပါ နွားငယ်လေးများကို မွေးမြူစောင့်ရှောက်ရာတွင် နွားလေးမွေးပြီး ၇၂နာရီအတွင်း နို့ဦးရည်သောက်စို့နိုင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ နွားကလေး၏ ကိုယ်အလေးချိန် ၁၀ ပိသာလျှင် နို့တစ်ပိသာနှုန်းနှင့် မှန်း၍တိုက်ကျွေးပေးရမည်။ အသက်နှစ်လကျော်ပါက ဖွဲနု ၃၄ ရာခိုင်နှုန်း၊ နှမ်းဖတ်၊ ပဲဖတ်မှုန့် ၃၀ ရာခိုင်နှုန်း၊ ဆန်ကွဲသို့မဟုတ် ပြောင်းမှုန့် ၃၀ ရာခိုင်နှုန်း၊ ဆားတစ်ရာခိုင်နှုန်း၊ ခရမှုန့် ငါးရာခိုင်နှုန်း အစာနုစပ်၍ နံနက် ၂၅ ကျပ်သား၊ ည ၂၅ ကျပ်သား ကျွေးမွေးပေးရန်၊ နို့တစ်ဝက်လျှော့တိုက်ပေးရန်နှင့် တစ်နေ့လျှင် မြက်စိမ်း ၂၅ ကျပ်သား ခန့်ကျွေးမွေးရန်လိုသည်။

ခိုင်းနွားများကို မွေးမြူစောင့်ရှောက်ရာတွင် အလုပ်များသော ရာသီတွင် အစာကြမ်းအခြောက်ငါးပိသာထိ ကျွေးမွေးရန်လိုအပ်သည်။ နွားစာအစိမ်းနှင့် နွားစာအစိုဖြစ်ပါက ပိသာ ၂၀ ကျွေးမွေးရန်လိုအပ်သည်။ အစာကို တစ်နေ့လျှင် နှစ်ကြိမ်ခွဲကျွေးရမည်ဖြစ်သည်။ အလုပ်ခိုင်းပြီး တစ်နေ့ဖွဲနုတစ်ပြည်ကျွေးပါက နွားကိုယ်အလေးချိန်လျော့နည်းမှုမရှိနိုင်ပေ။ အလုပ်နည်းသော ရာသီတွင် လွတ်ကျောင်းချိန်ရသဖြင့် မြေပဲဖတ် သို့မဟုတ် နှမ်းဖတ် ၂၇ ဒသမ ၅ ကျပ်သား၊ ကောက်ရိုး၊ ပြောင်းရိုးနှင့် နွားစာခြောက် ၃ ဒသမ ၃ ပိသာတို့ကိုရောစပ်၍ အစာလျှော့ကျွေးနိုင်ပေသည်။ ဖွဲနုကျွေးရန်လည်းမလိုပေ။

အနှစ်ချုပ်အနေဖြင့် နိုင်ငံတော်သည် စားရေရိက္ခာဖူလုံရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး အခန်းကဏ္ဍများကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ပိုမိုတိုးချဲ့ဆောင် ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် နိုင်ငံ၏ အခြေခံအကျဆုံး သက်မွေးလုပ်ငန်းဖြစ်သဖြင့် စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကောင်းစွာ အကျိုးပြုနိုင်ပေသည်။ အရေအတွက်မှအရည်အသွေးမြှင့်တင်ထားသော နို့၊ အသား၊ ဥများ ဖူလုံစွာ ထုတ်လုပ်ရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအားလုံး ကြိုးပမ်းဆောင် ရွက်ကြရမည်ဖြစ်သည်။ ဒေသအလိုက် စားရေရိက္ခာဖူလုံရေးအစီအမံများ စီမံထားရှိပြီး မွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ပြီး ပိုလျှံသည့်ထုတ်ကုန်များကို ပြည်ပတင်ပို့နိုင်ရေးကြိုးပမ်းရမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မွေးမြူရေးကျင့်စဉ်များကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ဝန်းလုံး နို့နှင့်အသားထုတ်လုပ်မှုပိုမို တိုးတက်လာနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- **မွေးမြူရေးနှင့်ကုသရေဦးစီးဌာနထုတ် "ခိုင်းနွားမွေးမြူရေး"နှင့် "နို့စားနွားမွေးမြူရေး"စာစောင်များ**
- **https://www.beefmagazine.com/market-news/global-beef-consumption-and-imports**
- **https://www.cattlytics.com/blog/beef-cattle-farming-guide/**

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြွံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

Fortune-TV ရုပ်သံလိုင်းမှ အတိတ်ရဲ့နေ့စွဲများ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၀ ရက်မှစတင်ကာ ထုတ်လွှင့်ပေးသွားမည်



ရန်ကုန် နိုဝင်ဘာ ၈

Fortune-TV ရုပ်သံလိုင်းမှ အတိတ်ရဲ့နေ့စွဲများ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၀ ရက်မှ စတင်ကာ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း ဒါရိုက်တာ မင်းစနေထံမှ သိရသည်။

အဆိုပါ အတိတ်ရဲ့နေ့စွဲများ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထု ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဇွဲက ရေးသားထားပြီး ဒါရိုက်တာ မင်းစနေက Verden Production အတွက် တာဝန်ယူရိုက်ကူးထား ခြင်းဖြစ်ကြောင်း သိရသည်။

"မတော်တဆမှုတစ်ခုကြောင့် အတိတ်မေ့ရောဂါ ခံစားခဲ့ရသူ ဟန်ထက်စံဆိုတဲ့ ကောင်ကလေး တစ်ယောက်နဲ့ သူအတိတ်မေ့နေ စဉ်ကာလမှာ ချစ်မိသွားခဲ့တဲ့ ပိုးပန်းချီဆိုတဲ့ ချစ်သူကောင်မ ကလေးတစ်ယောက်။ ဟန်ထက်စံ က ပိုးပန်းချီနဲ့လက်ထပ်ဖို့ ရည် ရွယ်နေစဉ်မှာပဲ အတိတ်ဘဝက တစ်ဖက်သတ်ချစ်ခဲ့ရတဲ့ ချစ်သူ အိမ့်ခြုံးမေကို ပြန်လည်ဆုံတွေ့တဲ့ အခါမှာတော့ ဒီသုံးပွင့်ဆိုင်ဇာတ် လမ်းလေးဟာ ဘယ်လိုဖြစ်လာ မလဲ။ ဟန်ထက်စံ တစ်ယောက်၊ အတိတ်ဘဝက ချစ်သူအိမ့်ခြုံးမေ နဲ့ လက်ရှိဘဝက ချစ်သူပိုးပန်းချီတို့ နှစ်ယောက်မှာ ဘယ်သူ့ကို ရွေး ချယ်မလဲဆိုတာကိုတော့ အတိတ် ရဲ့နေ့စွဲများ ရုပ်သံဇာတ်လမ်းတွဲမှာ စောင့်မျှော်ကြည့်ရှုအားပေးကြပါ အုံး"ဟု ဒါရိုက်တာ မင်းစနေက ပြောပြသည်။

အတိတ်ရဲ့နေ့စွဲများ ရုပ်သံ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် များအဖြစ် ဇေယံ၊ သီဟအောင်၊ အလင်းသစ်၊ မေမီကျော်ကျော်၊ ခင်ကျော့ရှင်းနှင့် အနုပညာရှင် များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Smile 3 ထိတ်လန့်သည်းဖိဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဘရုနာက တာဝန်ယူရိုက်ကူးမည်

နယူးယောက် နိုဝင်ဘာ ၈

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Smile 3 ထိတ်လန့်သည်းဖိဇာတ် ကားကို ဒါရိုက်တာ ဒေးဗစ်ဘရုနာ က တာဝန်ယူရိုက်ကူးမည်ဖြစ် ကြောင်း နိုဝင်ဘာ ၇ ရက် သတင်း များအရ သိရသည်။

ဒါရိုက်တာ ဒေးဗစ်ဘရုနာ သည် Hellraiser နှင့် The Night House ကဲ့သို့သော နာမည်ကျော် လျှို့ဝှက်သည်းဖို ဇာတ်ကားများ ကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

Smile 3 ဇာတ်ကားသစ် အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ် ညွှန်းရေးဆရာ နစ်အန်တိုစကား က တာဝန်ယူရေးသားပေးမည်ဖြစ် ကြောင်း သိရသည်။

Paramount ရုပ်ရှင်ကုမ္ပဏီ သည် ပထမဆုံး Smile ဇာတ်ကား ကို ၂၀၂၂ ခုနှစ်က ရိုက်ကူးထုတ် လုပ်ခဲ့ပြီး နောက်ဆက်တွဲ Smile 2 ဇာတ်ကားကို ၂၀၂၄ ခုနှစ်က ရိုက်ကူး ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Smile 3 ဇာတ်ကားနှင့် ပါဝင်သရုပ်ဆောင် မည့် အနုပညာရှင်များကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာ ခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



ရွှေမန်းချမ်းသာတို့ရဲ့ ရွှေပွဲတော်သဘင်ဖျော်ဖြေပွဲကို ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် ပြုလုပ်သွားမည်ဖြစ်



ရန်ကုန် နိုဝင်ဘာ ၈

ရွှေမန်းချမ်းသာတို့ရဲ့ ရွှေပွဲ တော်သဘင်ဖျော်ဖြေပွဲကို ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတား မြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ နိုဝင်ဘာ ၂၀ ရက်တွင် ပြုလုပ် သွားမည်ဖြစ်ကြောင်း ဇာတ် မင်းသားကြီး ရွှေမန်းချမ်းသာက ပြောပြ၍ သိရသည်။

အဆိုပါ ရွှေမန်းချမ်းသာတို့ ရဲ့ ရွှေပွဲတော်သဘင်ဖျော်ဖြေပွဲ တွင် ဇာတ်မင်းသားကြီး ရွှေမန်း ချမ်းသာ၊ ဇာတ်မင်းသား ချစ်စွမ်း သာ၊ မြင့်မိုရ်ချမ်းသာ၊ မင်းသမီး ခိုင်မာလွင်တို့နှင့်အတူ သဘင် အနုပညာရှင်ပေါင်းများစွာ ပါဝင် ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ် ကြောင်း သိရသည်။

"သဘင်ချစ်သူ ပရိသတ်ကြီး အတွက် သစ္စာမေတ္တာရွှေမန်း သဘင်က ရွှေမန်းချမ်းသာတို့ရဲ့ ရွှေပွဲတော်သဘင်ပွဲကြီး မကြာခင် ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ဒီပွဲကြီးမှာ ကျွန်တော်နဲ့အတူ သဘင်အနုပညာရှင်များစွာ ပါဝင် သွားမှာဖြစ်ပြီး သမားစဉ်အတိုင်း နှစ်ပါးခွင်နဲ့အတူ အော်ပရာ၊ ပြဇာတ်အပါအဝင် ဇာတ်သဘင် အစီအစဉ်များစွာကို ဝဇီရာကဇာတ် ရုံရဲ့ဇာတ်ခုံပေါ်မှာ ကပြတင်ဆက် ပေးတော့မှာမို့ ကြည့်ရှုခံစားရ တော့မှာဖြစ်ပါတယ်"ဟု ဇာတ် မင်းသားကြီး ရွှေမန်းချမ်းသာက ပြောပြ၍ သိရသည်။

ASH

The Hunger Games : Sunrise on the Reaping ဇာတ်ကားတွင် မင်းသမီး ဂျင်နီဖာလောရင့် ပြန်လည်ပါဝင်ထား

နယူးယောက် နိုဝင်ဘာ ၈

The Hunger Games : Sunrise on the Reaping ဇာတ်ကားတွင် မင်းသမီး ဂျင်နီဖာလောရင့် ပြန်လည်ပါဝင်ထားကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဂျင်နီဖာလောရင့် သည် ယခင် Hunger Games ဇာတ်ကားများ၌ Katniss Everdeen ဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

The Hunger Games : Sunrise on the Reaping ဇာတ်ကားတွင်လည်း ၎င်းအနေဖြင့် Katniss Everdeen ဇာတ်ကောင်နေရာ၌ ပင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

The Hunger Games : Sunrise on the Reaping ဇာတ်ကားကို ဒါရိုက်တာ ဖရန်စစ်လောရင့်က တာဝန်ယူရိုက်ကူးထားသည်။

အဆိုပါဇာတ်ကားကို စာရေး ဆရာမ ဆူဇန်းကောလင်း၏ The Hunger Games : Sunrise on the Reaping ဝတ္ထုကို အခြေခံရိုက်ကူး ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘီလီရေး နှင့် မိုက်ကယ်လက်စလီတို့က ပူးတွဲရေးသား ပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



ခေါင်မိုးလေးများ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၈

ကံသာရုပ်ရှင်ထုတ်လုပ်ရေး၊ Channel 24 ရုပ်သံလိုင်းနှင့် Can Artt Academy တို့ပူးပေါင်းစီစဉ် ထုတ်လုပ်မည့် ခေါင်မိုးလေးများ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ပွဲကို နိုဝင်ဘာ ၇ ရက် က ရန်ကုန်တိုင်းဒေသကြီး ဗဟန်း မြို့နယ်ရှိ Chinese 47 စားသောက် ဆိုင်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ခေါင်မိုးလေးများ ရုပ်သံဇာတ် လမ်းတွဲသည် စာရေးဆရာမ ဆွေဇင်နေမင်း၏ ခေါင်မိုးများ ဝတ္ထုကို AETERNUM CREATIVE က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက် တာ စေတသိက်နှင့် လက်ထောက် ဒါရိုက်တာ ထက်နိုင်လင်းတို့က တာဝန်ယူရိုက်ကူးပေးမည့် ဇာတ် လမ်းတွဲဖြစ်ကြောင်း သိရသည်။

"နေပူမိုးရွာမရှောင် နေ့စဉ်နဲ့ အမျှသွားလာလှုပ်ရှားပြီး တစ်အိမ် ဝင်၊ တစ်အိမ်ထွက် စာသင်နေကြ တဲ့ကျူရှင်ဆရာ၊ ဂိုက်ဆရာတွေရဲ့ ဘဝပုံရိပ်အမျိုးမျိုးကို ဇာတ်ကောင် တစ်ခုချင်းစီက ရုပ်လုံးပေါ်အောင် ပုံဖော်ထားပါတယ်။ မိသားစု တာဝန်တွေကို ပခုံးထမ်းရင်း သက်ပြင်းမောတွေ ကြားထဲက ဘဝကိုရုန်းကန်ပြီး မိသားစုအိမ် ကလေး မိုးလုံလေလုံအကာ အကွယ်ဖြစ်စေဖို့ ဆန္ဒတွေကို ဥပေက္ခာပြု စွန့်လွှတ်အနစ်နာခံ ခဲ့တဲ့ အလုပ်တူတွေ အချင်းချင်း ကြားက သံယောဇဉ်တွေ၊ ကူညီ ဖေးမကြမှုတွေ၊ ဆွေးနွေးရင်ဖွင့် အကြံဉာဏ်ပေးမှုတွေ၊ ဆရာနဲ့ တပည့်တွေကြားက ဆက်ဆံရေး တွေ၊ ဆရာမမိသားစုတွေရဲ့ ပြဿနာတွေ၊ မိသားစုဘဝတွေ ပြေလည်ဖို့ ချနင်းထားကြရတဲ့ သူတို့ရဲ့လွတ်လပ်မှုတွေ၊ ဆန္ဒတွေ၊ ချစ်ရေးချစ်ရာတွေ၊ မျှော်လင့်ချက် တွေ၊ ချစ်ရတဲ့သူတွေ အရိပ်အောက် မှာ အေးချမ်းစွာနေနိုင်ဖို့ နေဒဏ်၊ မိုးဒဏ်ကို ကျေနပ်စွာခံယူပေးကြ တဲ့ခေါင်မိုးလိုလူတွေအကြောင်းကို ထိထိမိမိ၊ ဇာတ်ကောင်တွေအများ ကြီးနဲ့ ရုပ်သံဇာတ်လမ်းတွဲ အဖြစ် ဖန်တီးပုံဖော်မှာ ဖြစ်ပါ တယ်"ဟု ဒါရိုက်တာ စေတသိက် က ပြောပြသည်။

ခေါင်းမိုးလေးများ ရုပ်သံ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေမင်း၊ နေထူးနိုင်၊ စည်ဖြိုး၊ ဖြိုးမြတ်အောင်၊ ဗညား(LOL)၊ အေးမြတ်သူ၊ မနှင်း၊ သုထက် အောင်၊ ပိုးအိဇွန်၊ ယွန်းဝတီသော်၊ ခင်သံလွင်ချို၊ ဟေသာကိုကိုစိုး၊ ခန့်ထူးနိုင်၊ ဆောင်းဝတီဦးနှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

President U Min Aung Hlaing, wife Daw Kyu Kyu Hla visit Myanmar Traditional Market Fair, Myanmar Furniture Fair (2026)



President U Min Aung Hlaing visits Myanmar Furniture Fair (2026).



President U Min Aung Hlaing and wife Daw Kyu Kyu Hla observe lacquer ware.

Nay Pyi Taw November 8

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Union ministers and members, the Yangon Region Chief Minister, the Commander of Yangon Command and officials, visited the Myanmar Traditional Market Fair, being held at the Yangon Convention Centre (YCC) in Mayangon Township, Yangon Region, this morning. The fair is being organized with the aim of passing on Myanmar's traditional customs and cultural heritage to younger generations.

The President, his wife and members of the delegation arrived at the venue, where they were welcomed by officials of the Myanmar Cultural Heritage Trust (MCHT), Union ministers and officials. The President, his wife and members of the delegation proceeded to the performance hall and enjoyed traditional dances performed by ethnic nationals from across the Union, musical dance performances, Myanmar traditional marionette performances and dances symbolizing national unity and solidarity. The performances highlighted the preservation and passing on of Myanmar's cultural heritage to future generations.

The President and his wife presented the flower basket to the traditional ethnic dance troupes which performed song and dance performances.

The President, his wife and party toured the exhibition booths at the fair, showing keen interest in the displays of Myanmar traditional foods, traditional clothing, regional products from various parts of the country and consumer goods. They also asked questions and held discussions with the respective booth representatives to gain further information about the exhibits.

The "Myanmar Traditional Market Fair" was organized under the auspices of the Myanmar Cultural Heritage Trust (MCHT) at the Yangon Convention Centre (YCC) in Mayangon Township, Yangon Region, from 5 to 8 November, with the aim of passing on traditional cultural heritage to younger generations. During the fair, a wide range of activities took place, including displays of Myanmar traditional foods and clothing, demonstrations of traditional Myanmar food preparation, panel discussions, performances of traditional Myanmar theatre and modern music, and a variety of ethnic traditional dances. A total of 155 exhibition booths were set up at the fair, featuring Myanmar traditional foods, traditional clothing, regional products from various parts of the country and consumer goods. The fair was bustling with members of the public visiting the exhibitions and purchasing the products on display.

The President and party proceeded to Kanthaya Shopping Centre in Mingala Taungnyunt Township to visit the Myanmar Furniture Expo 2026, organized under the auspices of the Myanmar Wood-Based Furniture Entrepreneurs Association, where they were welcomed by the association's chairman and officials.

The President toured the exhibition, viewing the furniture displayed at each booth and asking questions and holding discussions with the officials concerned to gain further information about their presentations.

The Myanmar Furniture Fair (2026), organized under the auspices of the Myanmar Wood-Based Furniture Entrepreneurs Association, was held from 4 to date with the aims of preserving Myanmar's traditional furniture craftsmanship, continuously improving the quality of furniture products and expanding market opportunities. A total of 26 display booths from 10 companies, comprising nine domestic companies and one foreign company, were set up to exhibit and sold their products.

MNA

Bogale Township dispatches 47,000 bags of Ayeyamin rice to Yangon market in October

Bogale November 8

A total of 47,000 bags of Ayeyamin rice, each weighing 24 pyi, were exported and sold from Bogale Township, Ayeyawady Region, to the Yangon market in October, according to Daw Moe Moe, an entrepreneur engaged in rice and paddy trading in Bogale Township.

Bogale Township exported and sold only 35,000 bags of Ayeyamin rice, each weighing 24 pyi, to the Yangon market in September. However, the volume increased to 47,000 bags in October this year.

"Rice and other agricultural products are being transported from Bogale to the Yangon rice market for sale. Over the past month, we exported and sold 47,000 bags of Ayeyamin rice, each weighing 24 pyi.

Currently, demand for rice from our area is strong in the domestic Yangon rice market. Most of us, as business operators, either transport and sell paddy directly or purchase paddy, mill it into rice and then supply it to the market.

With rice trading becoming more active, farmers, traders, loading and unloading workers, and operators of cargo transportation services are benefiting from increased employment opportunities," said Daw Moe Moe.

Ayeyamin rice supplied from Bogale Township to the Yangon market is fetching prices ranging from K92,000 to K98,000 per bag.

Rice and paddy traders in Bogale Township purchase locally produced paddy, mill it into rice and transport the finished product to the Yangon market for sale.

Kyaw Kyaw Lin

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Vice-President Daw Nan Ni Ni Aye inspects Ethnic Cultural Centre, Industrial Zone in Mon State



Vice-President Daw Nan Ni Ni Aye observes traditional ethnic products.

Nay Pyi Taw November 8

Vice-President of the Republic of the Union of Myanmar Daw Nan Ni Ni Aye, accompanied by Union ministers, the Mon State Chief Minister, the Commander of the South-East Command, deputy ministers, state ministers and departmental officials, visited and inspected the Ethnic Cultural Centre and Kyauktan Industrial Zone in Mon State yesterday morning.

First, the Vice-President and her entourage arrived at the Ethnic Cultural Centre in Mawlamyine Township, where an official at the Ethnic Traditional Cultural Museum briefed them on the centre's background and objectives, construction work undertaken in different financial years, ongoing construction activities and plans for future development. The Vice-President asked questions and discussed matters requiring clarification before coordinating with the responsible officials on necessary measures.

The Vice-President and her entourage then toured the museum to observe the musical instruments, traditional costumes and household items of various ethnic groups on display. They also visited the traditional Mon, Kayin, Bamar and Pa-O houses and other notable sites within the centre's compound.

The Vice-President instructed officials to give priority to preserving the traditional cultural heritage of ethnic groups, enabling younger generations to learn about, appreciate and safeguard their cultural heritage, promoting the region's cultural heritage more prominently, systematically maintaining the traditional objects on display and keeping the premises clean, pleasant and attractive.

The centre was established with the aim of preserving the languages, literature, arts, culture, traditional customs, national identities and historical heritage of ethnic groups, while promoting unity, friendship, mutual respect and mutual assistance among them.

Next, the Vice-President and her entourage visited Ko Hla Tun's chilli powder and assorted powder products factory in Kyauktan Industrial Zone. At the meeting hall, an official briefed them on the products manufactured, types and storage of raw materials, market distribution and sales, current production processes and future business plans. The Vice-President coordinated with the responsible officials on necessary measures.

She then inspected the various stages of production inside the factory, including the storage of raw chillies, cleaning, drying, grinding, packaging and distribution.

The Vice-President instructed the factory to prioritize hygienic production practices to ensure consumer safety, manufacture and distribute products in accordance with prescribed standards, produce value-added food products and create more employment opportunities for local residents.

The Vice-President subsequently visited the advanced crumb rubber factory operated by M Rubber Co Ltd, where a company official explained the processes of cleaning raw rubber, processing it with machinery, conducting quality inspections, and packaging and storing finished products.

The Vice-President asked questions and discussed matters requiring clarification.

At a meeting in the factory's conference hall, an official briefed the delegation on raw material supplies and storage, production capacity, the manufacturing process for MSR, workplace safety measures, product quality and market distribution and sales.

The Vice-President instructed the factory to comply with prescribed standards to ensure workers' safety during production and the systematic maintenance and use of machinery. She also stressed the need to properly dispose of wastewater and solid waste generated by the factory to prevent environmental pollution, take measures to protect the natural environment, manufacture value-added products using raw rubber as a base and develop business initiatives that would benefit local rubber growers and business operators. She also coordinated with the responsible officials on necessary measures.

Kyauktan Industrial Zone was established as an industrial area on 27 March 2016. Covering an area of 254.3 acres, it is home to a total of 25 private industrial enterprises of large, medium and small sizes. MNA

Ten illegal buildings used in online scam/gambling in Shwe Kokko (Part-II) dismantled as demolition of remaining ones underway

The systematic, continued demolition of a 6-story building used in online gambling operations within Part-II of the Shwe Kokko area.





Before demolition.





Demolition using heavy machinery.

Nay Pyi Taw November 8

As the Government of Myanmar has interdepartmental teams systematically and completely demolished buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes, a total of 10 illegal building in Shwe Kokko (Part-II) have been knocked down until today.

Since a 6-storey illegal building being mechanically demolished in Shwe Kokko (Part-II) was dismantled up to 100 percent today, a total of 10 illegal buildings have been demolished. Furthermore, the mechanical demolition of a 5-storey building up to 45 percent today.

Altogether 63 buildings used in online scams and gambling and left to be demolished in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residences based on their types and systematic demolition works continued. Demolition of 10 buildings including six for mechanical demolition and four for detonation have systematically completed and remaining ones will be systematically knocked down.

The government has continued to take measures to completely prevent online scams and gambling from taking root in Myanmar in coordination with domestic forces as well as neighboring governments as a national responsibility. 100

ပြင်သစ်နိုင်ငံက အလေးချိန် ပေါင် ၆၆၀ ထိ သယ်ဆောင်နိုင်သောဒုံးပျံသစ်ကို အောင်မြင်စွာပစ်လွှတ်စမ်းသပ်နိုင်ခဲ့



ပြင်သစ်နိုင်ငံသည် အသံလွန်မြန်နှုန်းမြင့် လက်နက်နည်းပညာနှင့် အနာဂတ်ဒုံးကျည်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးချိန် ပေါင် ၆၆၀ သယ်ဆောင်နိုင်သော SyLEx အမည်ရှိ ဒုံးပျံသစ်ကို အောင်မြင်စွာ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့ကြောင်း Interesting Engineering သတင်းဌာနက နိုဝင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုစမ်းသပ်မှုသည် အဆိုပါဒုံးပျံ၏ မူဆိုင်ရာစမ်းသပ်မှုလည်းဖြစ်သည်။ အဆိုပါစမ်းသပ်မှုကို ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းရှိ Biscarrosse ဒုံးကျည်စမ်းသပ်ရေးစခန်းတွင် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်နံနက်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်လက်နက်ပစ္စည်းများဝယ်ယူရေးနှင့်နည်းပညာဖွံ့ဖြိုးရေး အေဂျင်စီ(DGA)က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ArianeGroup ကုမ္ပဏီက ဒုံးပျံကိုတည်ဆောက်ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

SyLEx ဒုံးပျံသည် ပထမအဆင့် "Système de Lancement d'Expériences" ဟုခေါ်ဆိုပြီး စမ်းသပ်မှုများအတွက် ပစ္စည်းကိရိယာများကို သယ်ဆောင်ပစ်လွှတ်သည့်စနစ်ဟု အဓိပ္ပာယ်ရသည်။ အဆိုပါဒုံးပျံသည် ကမ္ဘာပတ်လမ်းအတွင်း သို့ဝင်ရောက်ရန်ရည်ရွယ်သည့် အာကာသယာဉ်တင်ရေးဒုံးပျံမဟုတ်ဘဲ ကမ္ဘာ့လေထုအပေါ်ပိုင်းနှင့် အာကာသအစပ်ဒေသများထိ စမ်းသပ်ပစ္စည်းများကို သယ်ဆောင်စေသည့် စမ်းသပ်ရေးဒုံးပျံအမျိုးအစားဖြစ်သည်။ အဆိုပါဒုံးပျံကို စစ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်သိပ္ပံသုတေသနလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်ရည်ရွယ်တည်ဆောက်ထားသည်။

SyLEx ဒုံးပျံသည် တစ်ဆင့်မောင်းနှင်စနစ်နှင့် နှစ်ဆင့်မောင်းနှင်စနစ်ဟူ၍ ပုံစံနှစ်မျိုးရှိသည်။ တစ်ဆင့်မောင်းနှင် စနစ်သည် အလေးချိန် ပေါင် ၆၆၀ ရှိသောစမ်းသပ်ပစ္စည်းများကို သယ်ဆောင်နိုင်ပြီး နှစ်ဆင့်မောင်းနှင်စနစ်မှာ အလေးချိန် ၁၃၂၃ ပေါင် ထိသယ်ဆောင်နိုင်သည်။ ဒုံးပျံပုံစံနှင့် စမ်းသပ်မှုအမျိုးအစားပေါ်မူတည်၍ အမြင့် ကီလိုမီတာ ၂၀၀ မှ ကီလိုမီတာ ၄၀၀ ထိ ရောက်ရှိနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

ယခုစမ်းသပ်မှုတွင် တစ်ဆင့်မောင်းနှင်စနစ်ကို အသုံးပြုခဲ့ပြီး ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနအတွက် စမ်းသပ်ပစ္စည်းများကို သယ်ဆောင်ခဲ့သည်။ ၎င်းစမ်းသပ်မှုမှတစ်ဆင့် ပြင်သစ်နိုင်ငံ၏ ရေငုပ်သင်္ဘော်မှ ပစ်လွှတ်နိုင်သော M51.4 မဟာဗျူဟာမြောက် ပဉ့ထိန်းဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နည်းပညာစမ်းသပ်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ သို့သော် ဒုံးပျံပေါ်တွင် တင်ဆောင်ခဲ့သည့် စမ်းသပ်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်နှင့် စမ်းသပ်ခဲ့သည့်နည်းပညာများကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ထို့ပြင် SyLEx ဒုံးပျံကို အသံလွန်စမ်းသပ်ရာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အလွန်မြန်ဆန်စွာ ပျံသန်းသည့်အခါ လေထုအတွင်း ဖြစ်ပေါ်လာသော အပူဒဏ်နှင့် ဖိအားဒဏ်ကိုခံနိုင်ရည်ရှိသည့် ပစ္စည်းများ၊ ဒုံးကျည်၏ ပျံသန်းမှုထိန်းချုပ်ရေး နည်းပညာများနှင့် လေထုအတွင်း ပြန်လည်ဝင်ရောက်သည့် နည်းပညာများကို စမ်းသပ်လေ့လာနိုင်မည်ဖြစ်သည်။ သို့သော် ယခုစမ်းသပ်မှုတွင် အသံလွန်မြန်နှုန်းမြင့် လက်နက်စနစ်တစ်ခုကို တိုက်ရိုက်စမ်းသပ်ခဲ့ခြင်းမဟုတ်ဘဲ ထိုနည်းပညာများ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် စမ်းသပ်ရေးပလက်ဖောင်းတစ်ခုအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ArianeGroup ကုမ္ပဏီသည် DGA နှင့်ပူးပေါင်း၍ နှစ်ဆင့်မောင်းနှင်နိုင်သော SyLEx ဒုံးပျံပုံစံကို ဆက်လက်ဖွံ့ဖြိုး တည်ဆောက်လျက်ရှိသည်။ ၎င်းစနစ်အောင်မြင်စွာအသုံးပြုနိုင်ပါက ပြင်သစ်နိုင်ငံ၏ မဟာဗျူဟာမြောက် ဒုံးကျည်နည်းပညာ၊ အသံလွန်မြန်နှုန်းမြင့် လက်နက်သုတေသနနှင့် အာကာသသိပ္ပံဆိုင်ရာ စမ်းသပ်မှုများအတွက် နိုင်ငံပိုင်စွမ်းရည်ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

US ally tests new rocket capable of carrying 660 pounds for hypersonic weapons research ကို ဘာသာပြန်ဆိုထားပါသည်။

Rheinmetall ကုမ္ပဏီက ဂျာမနီနှင့် နယ်သာလန်စစ်ဘက်များအတွက် Caracal နည်းဗျူဟာမြောက်စစ်ဆင်ရေးယာဉ်များ ပထမဆုံးအကြိမ်ပေးအပ်

Rheinmetall ကုမ္ပဏီက ဂျာမနီနိုင်ငံနှင့် နယ်သာလန်နိုင်ငံ စစ်ဘက်များအတွက် Caracal နည်းဗျူဟာမြောက် စစ်ဆင်ရေးယာဉ်များကို ပထမဆုံးအကြိမ် ပေးအပ်ခဲ့ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခု လွှဲပြောင်းပေးအပ်မှုသည် ယာဉ်အစီးရေ ၁၅၀၀ ကျော်ပါဝင်သည့် ပူးတွဲဝယ်ယူရေးအစီအစဉ်အောက်တွင် စီးရီးလိုက်ထုတ်လုပ်ထားသော ယာဉ်များကို စတင်ပေးအပ်ခြင်းလည်းဖြစ်သည်။

အဆိုပါယာဉ်များကို အောက်တိုဘာ ၂၉ ရက်တွင် နယ်သာလန်နိုင်ငံရှိ Rheinmetall ကုမ္ပဏီ၏ ထုတ်လုပ်ရေးစက်ရုံ၌ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ အခမ်းအနားတွင် ကုမ္ပဏီကိုယ်စားလှယ်များက ဂျာမနီနိုင်ငံ ဂျာမန်တပ်မတော်၊ စစ်ဘက်သုံးပစ္စည်း၊ သတင်းအချက်အလက်နည်းပညာနှင့် ဝန်ထမ်းရေးရာထောက်ပံ့ရေးဖက်ဒရယ်ရုံးနှင့် နယ်သာလန်ကာကွယ်ရေးဝန်ကြီးဌာနတို့ထံ ယာဉ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

နယ်သာလန်နိုင်ငံသည် ယာဉ်မောင်းသင်တန်းများအတွက် ပထမဆုံးယာဉ်တစ်စီးကို စက်တင်ဘာ ၂၉ ရက်ကတည်းက လက်ခံရရှိထားပြီးဖြစ်သော်လည်း ယခုအကြိမ်သည် စံချိန်စံညွှန်းအတိုင်း အပြီးသတ်ထုတ်လုပ်ထားသော ယာဉ်များကို စတင်လက်ခံရရှိခြင်းဖြစ်သည်။

Caracal ယာဉ်ကို Mercedes-Benz G-Class 464 စစ်သုံးယာဉ်ကိုယ်ထည် အခြေခံ၍တည်ဆောက်ထားပြီး လေကြောင်းချီတပ်ဖွဲ့များနှင့် အထူးတပ်ဖွဲ့များအတွက် အလွယ်တကူ ရွှေ့ပြောင်းအသုံးပြုနိုင်သည့် စစ်ဆင်ရေးယာဉ်အဖြစ် ဒီဇိုင်းထုတ်ထားသည်။

ဂျာမနီနှင့် နယ်သာလန်တို့သည် ၂၀၃၀ ပြည့်နှစ်ထိ ယာဉ်အစီးရေ ၁၅၀၀ ကျော်ရရှိရန် စာချုပ်ချုပ်ဆိုထားပြီး ယာဉ်များ၏ သက်တမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးနှင့် နည်းပညာပံ့ပိုးမှုများကိုလည်း နှစ်ပေါင်း ၂၀ ထိ ဆောင်ရွက်ပေးရန် သဘောတူထားကြောင်း သိရသည်။

Caracal ယာဉ်တစ်စီးတွင် စစ်သည် လေးဦးနှင့် ၎င်းတို့၏ ကိုယ်ပိုင်အသုံးအဆောင်များ၊ စစ်ဆင်ရေးလိုအပ်သည့် ပစ္စည်းကိရိယာများ တင်ဆောင်နိုင်သည်။ ထို့ပြင် စစ်လေယာဉ်အတွင်း ထည့်သွင်းသယ်ယူနိုင်သကဲ့သို့ အကြီးစားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များ၏အောက်ဘက်တွင် ကြိုးဖြင့်ချိတ်ဆွဲ၍လည်း လေကြောင်းမှ သယ်ယူပို့ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အဆိုပါ စွမ်းရည်ကြောင့် လေကြောင်းချီ တပ်ဖွဲ့များသည် လိုအပ်သည့်နေရာသို့ ယာဉ်နှင့်တကွ လျင်မြန်စွာရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။



ယာဉ်၏ အဓိကအားသာချက်တစ်ခုမှာ လုပ်ငန်းတာဝန်အလိုက် လိုအပ်သော ပစ္စည်းကိရိယာများကို ပြောင်းလဲတပ်ဆင်နိုင်သည့် မော်ဂျူလာဒီဇိုင်းဖြစ်သည်။ Rheinmetall ကုမ္ပဏီသည် လက်ရှိတွင် Caracal ယာဉ်အတွက် အသုံးပြုနိုင်သည့် ပုံစံ ၂၈ မျိုးထိ ပံ့ပိုးပေးထားသည်။ ထို့ကြောင့် တပ်ဖွဲ့များ၏ လိုအပ်ချက်အပေါ်မူတည်၍ သယ်ယူပို့ဆောင်ရေး၊ ကင်းထောက်ရေးနှင့် တိုက်ခိုက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များအတွက် ပြင်ဆင်အသုံးပြုနိုင်သည်။ လက်နက်တပ်ဆင်အသုံးပြုမှုအနေဖြင့် MG5 စက်သေနတ်၊ အကြီးစားစက်သေနတ်များ၊ အလိုအလျောက် ပစ်ခတ်နိုင်သည့် ဗုံးပစ်လောင်ချာများနှင့် တင့်ဖျက်လက်နက်များကို တပ်ဆင်နိုင်သည်။ ထို့ပြင် စစ်ဆင်ရေးလိုအပ်ချက်အလိုက် မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် ကျည်ဆန်ထိမှန်မှုတို့မှ ကာကွယ်ပေးနိုင်သည့် အကာအကွယ်စနစ်များကိုလည်း ထပ်မံတပ်ဆင်နိုင်ကြောင်း သိရသည်။

Caracal ယာဉ်သည် Rheinmetall ကုမ္ပဏီ၏ ထုတ်ကုန်များအနက် ရွှေ့လျားသွားလာနိုင်စွမ်းမြင့်မားပြီး လုပ်ငန်းတာဝန်အမျိုးမျိုးအတွက် ပြောင်းလဲအသုံးပြုနိုင်သည့် ယာဉ်တစ်မျိုးဖြစ်ကြောင်းသိရသည်။

Rheinmetall Delivers First Caracal Air Assault Vehicles to German, Dutch Armies ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၅၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ကောလင်း နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၅၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၉၁၈၁ ဧကထိ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၅၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၉ ဒသမ ၂၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းမြို့နယ်မှာ စပါး ၉၉၁၈၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ကောလင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်ဆီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးတို့အတွက် အသိပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)



စလင်းမြို့နယ် ရွာသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



စလင်း နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြည်ကျေးရွာအုပ်စု ရွာသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသာကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၇၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သွေးခုံးပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သွေးခုံးပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် စက်တင်ဘာလအတွင်း သွေးခုံးပိသာချိန် ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း သွေးခုံးပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိသာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြီးခဲ့တဲ့လအတွင်း သွေးခုံးပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ သွေးခုံးတွေ အပါအဝင် ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ကော့သောင်းမြို့နယ် ကံပုံမာတမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ကော့သောင်း နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံပုံမာတမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မြဖယ်မုံဖူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကံပုံမာတမ်းကျေးရွာ၌ အရှည် ပေ ၁၈၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၈၈၀ အသုံးပြု၍ ဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် DTMS Construction & Survey ကုမ္ပဏီက ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တေးသရုပ်ဖော် အကများကို ကြည့်ရှုအားပေးစဉ်။

ရွှေဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည်အခမ်းအနားသို့ ရောက်ရှိကြရာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(Myanmar Cultural Heritage Trust–MCHT)မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဖျော်ဖြေပွဲခန်းမသို့ ရောက်ရှိကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခြင်းကိုဖော်ညွှန်း၍ သီဆိုကပြဖျော်ဖြေလျက်ရှိသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တေးသရုပ်ဖော်အကများ၊ မြန်မာ့ရိုးရာရုပ်သေးကြိုးဆွဲအက၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့်အကအလှများကို ကြည့်ရှုအားပေးကြသည်။

ယင်နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး တို့သည် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပွဲစျေးအတွင်းခင်းကျင်းထားသည့် မြန်မာ့ရိုးရာအစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့်လူသုံးကုန်ပစ္စည်းပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ပြီး ပြခန်းအလိုက်တာဝန်ခံများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ"မြန်မာ့ရိုးရာပွဲစျေး"ကို ရိုးရာအမွေအနှစ်တစ်ခု မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြိုးမှူး၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)တွင်ယခုလ ၅ရက်မှယနေ့ထိကျင်းပခြင်းဖြစ်ကြောင်း၊ ပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ်ပြုလုပ်နည်းသရုပ်ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့နယ်တို့မှ ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ဆရာစံ)၊ ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မြို့လှ)၊ အခြေခံပညာအထက်တန်းကျောင်း(ရေနီ)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ဆရာများသည်ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့်တပ်မတော်လေယာဉ်များနှင့်တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကိုစိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြင်ပပြကွက်နှင့် ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။



ယင်းနောက် ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက်ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သား



"သမီးတို့ ဒီစစ်သမိုင်းပြတိုက်ကို လက်တွေ့ဘာသာရပ်အဖြစ်နဲ့ လာပြီးတော့ လေ့လာရတဲ့အတွက် တပ်မတော်အကြောင်း ပိုပြီးတော့နားလည်သွားတယ်။ မြန်မာနိုင်ငံမှာတင်မကဘူး နိုင်ငံတိုင်းမှာခိုင်မာတဲ့ တပ်မတော်တစ်ရပ်ရှိဖို့ဟာ ခေတ်ဆက်ဆက် လိုအပ်တယ်လို့လဲထင်မိပါတယ်။ အခုဆိုရင် သမီးတို့လေ့လာခဲ့တဲ့ထဲမှာ တစ်ခါမှအပြင်မှာ အလွယ်တကူမမြင်နိုင်တဲ့အရာတွေဥပမာ-ကျည်ဆန်တွေ သင်္ဘောထဲမှာပါတဲ့ စက်ယန္တရားပိုင်းတွေဆိုလို့ရှိရင် ဒီစစ်သမိုင်းပြတိုက်ထဲမှာသမီးတို့တွေ့ခဲ့ရတယ်။ တကယ့်

ခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲစျေး၌ ခင်းကျင်းပြသထားသည့်ပြခန်းများကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာအစားအစာပြခန်းကို ကြည့်ရှုအားပေးစဉ်။

များ၊ စကားဝိုင်းများ၊ မြန်မာ့ရိုးရာဇာတ်သဘင်နှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားအကပဒေသာများ စသည်တို့ဖြင့် မြို့ငြိမ်မြို့ဆိုင်ဆိုင်ကျင်းပလျက်ရှိကြောင်း၊ ပွဲစျေးအတွင်း မြန်မာ့ရိုးရာအစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများစသည်ဖြင့် စုစုပေါင်းပြခန်း ၁၅၅ ခန်းခင်းကျင်းပြသထားပြီး လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်သာယာ Shopping Centre၌ မြန်မာနိုင်ငံ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)သို့ သွားရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြပွဲအတွင်း ခင်းကျင်းပြသထားရှိသည့် ပရိဘောဂများကို ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)ကို မြန်မာ့ပရိဘောဂလက်ရာများကို ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်နိုင်ရန်နှင့် ဈေးကွက်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ယခုလ ၄ ရက်မှ ယနေ့ထိ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်းကုမ္ပဏီ ကိုးခု၊ ပြည်ပကုမ္ပဏီ တစ်ခု စုစုပေါင်း ၁၀ ခုတို့က ပြကွက်ပေါင်း ၂၆ ခုဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နှင့်အဖွဲ့ဝင်များ မော်လမြိုင်မြို့နယ်ရှိ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ပြတိုက်အတွင်း ခင်းကျင်းပြသ ထားမှုများကို ကြည့်ရှု စစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

မော်လမြိုင်မြို့နယ်ရှိ တိုင်းရင်းသား ယဉ်ကျေးမှုစင်တာသို့ ရောက်ရှိကြပြီး တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြတိုက်၌ တာဝန်ရှိသူတစ်ဦးက စင်တာ၏ နောက်ခံသမိုင်းကြောင်း၊ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ဘဏ္ဍာနှစ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းအစီအမံများ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားများ၏ တူရိယာများ၊ ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ စင်တာဝင်းအတွင်းရှိ မွန်၊ ကရင်၊ ဗမာ၊ ပအိုဝ်း ရိုးရာအိမ်များနှင့် အထင်ကရနေရာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေး၊ မျိုးဆက်သစ်လူငယ်များရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသိရှိပြီး တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ ဒေသ၏ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထင်ရှားစွာဖော်ထုတ်ပြသနိုင်ရေး၊ ပြသထားရှိသည့် ရိုးရာပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါစင်တာကို တိုင်းရင်းသားလူမျိုးတို့၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကျောက်တန်းစက်မှုဇုန်အတွင်းရှိ ကိုလှထွန်းဂရုတ်သီးမှုန့်နှင့် အမှုန့်မျိုးစုံလုပ်ငန်းသို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌တာဝန်ရှိသူတစ်ဦးက ထုတ်လုပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ကုန်ကြမ်းအမျိုးအစားများနှင့် သိုလှောင်ထားရှိမှု၊ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု၊ လက်ရှိထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ဆက်လက်ပရိဘောဂများကို ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)ကို မြန်မာ့ပရိဘောဂလက်ရာများကို ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်နိုင်ရန်နှင့် ဈေးကွက်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ယခုလ ၄ ရက်မှ ယနေ့ထိ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်းကုမ္ပဏီ ကိုးခု၊ ပြည်ပကုမ္ပဏီ တစ်ခု စုစုပေါင်း ၁၀ ခုတို့က ပြကွက်ပေါင်း ၂၆ ခုဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကို ကျောင်းသားတွေအတွက် ဗဟုသုတရရှိစေတယ်။ ဒါ့ပြင် ဒီမှာဖွင့်ပြတဲ့ သမိုင်းရုပ်ရှင်တွေဆိုလို့ရှိရင် တကယ်ကို ကျောင်းသား၊ ကျောင်းသူတွေ၊ ငယ်ရွယ်တဲ့ ကလေးတွေ ဆယ်ကျော်သက်တွေရဲ့ ရင်ထဲကိုဝင်ပြီးတော့ မှမြန်မာနိုင်ငံရဲ့သမိုင်းအကြောင်းကိုလေ့လာပြီးတော့ မျိုးချစ်စိတ်ဓာတ်ပိုရှိလာတယ်လို့ ခံစားမိပါတယ်”ဟု ပြောသည်။

“စစ်သမိုင်းပြတိုက်ကို လေ့လာရတဲ့ အကျိုးကျေးဇူးကတော့ ခေတ်မီတိုးတက်နေတဲ့ အကြောင်းတွေ ကျွန်တော်တို့သေသေချာချာသိခွင့်ရတယ်။ ဒီစစ်သမိုင်းပြတိုက်ကို လာရောက်တဲ့အခါမှာ လက်တွေ့ပြကွက်တွေသိမြင်ခဲ့ရတယ်။ သမိုင်းမှတ်တမ်းကြောင်းမှာ ဘယ်လောက်ထိခက်ခဲခဲ့တဲ့အကြောင်း၊ တပ်မတော်ရဲ့ အခန်းကဏ္ဍတွေက ဘယ်လောက်ထိ အရေးပါကြောင်းကို ကျွန်တော်တို့ သိရှိခွင့်ရခဲ့ပါတယ်ခင်ဗျာ။ တပ်မတော်(လေ)ရဲ့လေကြောင်းပြကွက်တွေ၊ တပ်မတော်(ရေ)ရဲ့ ရေကြောင်းပြကွက်တွေ၊ ပြင်ပပြကွက်တွေစတဲ့မျိုးစုံသော ခေတ်နဲ့အညီ ပြသထားတဲ့ စစ်သမိုင်းပြတိုက်ထဲက အရာတွေဟာ တကယ်ခေတ်မီတိုးတက်နေကြောင်းကို ကျွန်တော်သိရှိခွင့်လေ့လာခဲ့ရတယ်။ တိုက်လေယာဉ်တွေဆိုလဲ မြန်မာနိုင်ငံရဲ့ ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ စွမ်းရည်ထက်မြက်တဲ့ တိုက်လေယာဉ်တွေဖြစ်ကြောင်း ကျွန်တော်သိရှိခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျာ။ ကျွန်တော်တို့ လေ့လာခဲ့ရသလိုမျိုးနောင်မျိုးဆက်သစ် လူငယ်ညီလေးတွေကိုလည်း လေ့လာစေချင်တဲ့အတွက် ညီလေးညီမလေးတွေကိုလဲ ဒီတပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်”ဟု ပြောသည်။ **(၅၀၁)**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် မဟာပါသာဏလိုဏ်ဂူတော်၌ပြုသထားသည့် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ကျောင်းသား၊ကျောင်းသူများ လေ့လာကြည့်ညို

ရန်ကုန် နိုဝင်ဘာ ၈

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ပြသထားရှိရာ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာကြည့်ညှိကြသည်။

ထိုသို့လေ့လာစဉ်လိုဏ်ဂူသိမ်တော်၏ သမိုင်းကြောင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက်များ၊ သင်္ဂါယနာတင်မှတ်တမ်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏလိုဏ်ဂူတော် တည်ဆောက်မှုမှတ်တမ်း၊ ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနား ကျင်းပနေသည့်မှတ်တမ်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် တပ်ဆင်အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ အခြားနိုင်ငံများက လှူဒါန်းသော ပစ္စည်းများပြကွက်၊ သာသနာတော် အဓွန့်ရှည်တည်တံ့ခြင်းအထိမ်းအမှတ်ကို ရည်ရွယ်၍ တည်ထားကိုးကွယ်ပူဇော်သော သာသနိကအဆောက်အအုံများ၏ ပြကွက်များကို စိတ်ဝင်တစားလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ရဲဝံ့စွန့်စားစွာထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေဧယျာသီရိမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။

ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးတို့အတွက် အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များဖြင့် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

✱ ရေထွက်ကုန်မွေးမြူရေးမှ

အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

"တနင်္သာရီတိုင်းဒေသကြီးမှာ ၈၉ ရာခိုင်နှုန်းကျော်ဟာ ရေလုပ်ငန်းလုပ်ကိုင်တာကြောင့် ကုန်ကြမ်းတင်ပို့မှုကနေ ကုန်ချောထုတ်လုပ်နိုင်ရင် နိုင်ငံခြားငွေ ပိုပြီး ရရှိစေမှာပါ။ ပြီးတော့ ငါး၊ ပုစွန် အရှင်ကို လေကြောင်းနဲ့တင်ပို့နိုင်ရင်လဲ နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမှာပါ။ ဝမ်းသာစရာက နိုင်ငံတော်သမ္မတကြီးက မြိတ်လေဆိပ်ကို တိုးချဲ့တည်ဆောက်ဖို့ လမ်းညွှန်ခဲ့တဲ့အတွက် တည်ဆောက်နေတာကြောင့် ပြည်ပကို ငါးပုစွန်အရှင် တင်ပို့နိုင်ပြီဆိုရင် သိသိသာသာ နိုင်ငံခြားငွေတိုးမြှင့်ရရှိလာမှာပါ။ ရေလုပ်သားနဲ့ လုပ်ငန်းရှင်တွေလဲ ဝင်ငွေကောင်းလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို အထူးပဲ ကျေးဇူးတင်နေကြပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုနှင့် တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းဝေးကမ်းနီးတို့တွင် ရေထွက်ကုန်များကို ဖမ်းဆီးကြသည့်အပြင် ငါးပုစွန်နှင့် ဈေးကွက်ရ ပြည်ပပို့ကုန် ရေထွက်ပစ္စည်းများကိုလည်း နှစ်စဉ်မွေးမြူထုတ်လုပ်လျက်ရှိကာ ပြည်ပပို့ကုန်ပုစွန်ကို ယခုနှစ်တွင် တိုးမြှင့်မွေးမြူလျက်ရှိသည်။

နှစ်စဉ် ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိနေသည့် မြိတ်ကျွန်းစုသည် ရေချိုရေငန်သဘာဝသယံဇာတများစွာပေါများသည့်ဒေသဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိမှုကို အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၌ ဗီယက်နမ်နိုင်ငံသည် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း တစ်သောင်းကျော်ရရှိခဲ့ပြီး မြစ်ချောင်းအင်းအိုင်နှင့် ငါးဖမ်းကွက်များစွာရှိသည့် မြန်မာနိုင်ငံအနေဖြင့် မွေးမြူရေးနှင့် ဖမ်းဆီးရေးကဏ္ဍတို့တွင် နိုင်ငံ ခြားဝင်ငွေတိုးမြှင့်ရရှိရန် မဟာဗျူဟာမြောက် စီမံကိန်း ရေးဆွဲဆောင်ရွက်မှုနှင့်အတူ တိုက်ရိုက်တင်ပို့နိုင်မည့် ပို့ဆောင်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်လာခြင်းသည် ရေထွက်ကုန်တင်ပို့မှု ဈေးကွက်သစ် ပွင့်လန်းမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိ၍ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိလာမည့် လင်းရောင်ခြည်များ သန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **ညိမ်းသူ(သတင်းစဉ်)**

❍ မကွေးမြို့မှ

ဆောင်ရွက်နေမှုကို ယမန်နေ့က မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် မြစ်ဇရာရှုခင်းသာအစဉ်အမြဲ သန့်ရှင်းသာယာလှပရေး၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ အားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေး၊ လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ဘေးကင်းလုံခြုံရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို မှာကြားသည်။

ယမန်နေ့နံနက်ပိုင်းကလည်း မကွေးမြို့ရှိ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်နှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Thiri Thukha Gaday Kywe Company Limited (သီရိသုခကုဋ္ဌေကြွေယ် ကုမ္ပဏီလီမိတက်)၏ ရွှေပြည်သာ မြေပဲခွဲစက်၊ မြေပဲသန့်စင်စက်၊ ပဲပုပ်ဆီနှင့် နေကြာဆီသန့်စင် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးပြီး ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ထုတ်ကုန်များယခင်ထက် ပိုမိုထုတ်လုပ်နိုင်ရေး၊ တောင်သူများထံမှ ထွက်ရှိသည့်သီးနှံမျိုးစုံကို ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်း ဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပေးအပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၈

အရှေ့တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

◆ ဘော်လီဘောပြိုင်ပွဲမှ

အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲမြင့်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက်(**ယနေ့**) နံနက် ၉ နာရီမှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



❖ ဂုဏ်ပြုကြိုဆိုမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



တောင်ကြီးမြို့၌ ၂၅ ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၈

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့လယ်မန္တလာရုံ ဂေါပကအဖွဲ့ကကြီးမှူး၍ ၂၅ ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ကို ယနေ့ မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ရှိ အတုလမာရဇိန်ဆုတောင်းပြည့်ဘုရား မြို့လယ်မန္တလာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်များထံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်က ၂၅ ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲကျင်းပအောင်မြင်မှု အခြေအနေကို ဖတ်ကြားလျှောက်ထားပြီး ဘွဲ့ရသာမဏေကျော်များအား ဘွဲ့ပုံတော်နှင့် ဘွဲ့တံဆိပ်တော်၊ ဘွဲ့အလံတော်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများထံ ပြည်နယ်ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စာအောင်သာမဏေကျော်များအား မြို့လယ်မန္တလာရုံမှစတင်၍ သံဃဒါနများလောင်းလှူကြပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ မြို့မဈေးမီးပွိုင့်မှ တစ်ဆင့် ဈေးပိုင်းကုန်သည်လမ်း၊ မြတ်လေးလမ်း၊ စဝ်စံထွန်းလမ်းအတိုင်း ကြွချီအပူဇော်ခံကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ရှိ ဆရီဆပ်သရာ နာရာရမ်းဘုရားကျောင်း၌ကျင်းပသည့် ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ထူးခြားသည့် နေ့အပူချိန်များ

(၈- ၁၁ -၂၀၂၆)

ချောက်	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
ထားဝယ်	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ဇောင်းတူ	၃၅	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
ညောင်လေးပင်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ကျောက်ဆည်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မြင်းခြံ	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ဟသ်ံတ	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ရေး	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ငါးသိုင်းချောင်း	၃၄	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
ပဲခူး	၃၄	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ၊ ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများကို ဂုဏ်ပြုဆုချီးမြှင့်



ဘားအံ နိုဝင်ဘာ ၈

၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ၊ ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင် မန်ဒြိမ်းမောင်၊ ဦးဇော်အေးမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာထူးချွန်ဆု၊ စီးပွားရေးဆိုင်ရာထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု၊ ပညာရေးဆိုင်ရာထူးချွန်ဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု စုစုပေါင်းဂုဏ်ထူးဆောင်ဆု ၁၈၄ ဆုရရှိကြသူများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်အတွင်းလုပ်ငန်းရှင်များအတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ အထူးကုန်စည်ခွန်အများဆုံး ထမ်းဆောင်သည့်ဆု၊ နိုင်ငံတော်အဆင့်ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆု၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ကောင်းသောကျောင်း၊ မြို့နယ်၊ အမှတ်အများဆုံးရကျောင်းသား၊ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်သည့်ဆု၊ အားကစားထူးချွန်ဆု၊ လူရည်ချွန်ထူးချွန်ဆု၊ ကြက်ခြေနီထူးချွန်ဆု၊ ၂၇ ကြိမ်မြောက် အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဌာနဆိုင်ရာပြခန်းများမှ ပြခန်းဆု၊ OVOP ပြခန်းများမှပြခန်းဆု၊ MSME ပြခန်းများမှ ထုတ်ကုန်ဆုများ၊ ပြည်နယ်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများ စသည်ဖြင့် ဆုပေါင်း ၁၈၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးမည့် တောင်သူများထံ ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့များပေးအပ်



ပုသိမ် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြိုးကြပ်မှုကော်မတီနှင့် ဧရာပုသိမ်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့က ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၊ ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက တွန်ပလွန်ကျေးရွာအုပ်စုတွန်ပလွန်ကျေးရွာတွင်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ အောင်နိုင်တိုးစပါးမျိုးရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးမည့် တောင်သူများထံသို့ ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့များပေးအပ်သည်။

ဆက်လက်၍ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးရိတ်သိမ်းချိန်တွင် တောင်သူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ယာသုံးစက်ကိရိယာများကို အချိန်မီအသုံးပြုနိုင်ရေးနှင့် စပါးများအချိန်မီရိတ်သိမ်းနိုင်ရေးအတွက် စက်သုံးဆီလိုအပ်ချက်များကို ကြိုတင်တွက်ချက်စီမံထားရှိရန် လိုအပ်ကြောင်း၊ မိုးစပါးရိတ်သိမ်းချိန်ရာသီအတွင်း စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် တောင်သူများအခက်အခဲမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြရန် လိုပါကြောင်း၊ တိုင်းဒေသကြီးတွင် ဆီဖူလုံမှုရှိစေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်အစရှိသည့် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းနိုင်သည့် နေရာများတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိပါကြောင်း၊ ဆီထွက်သီးနှံပဲပုပ်သည်လည်း တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းသည် စားသုံးဆီထုတ်လုပ်မှု တိုးတက်စေရုံသာမက မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော အစာကုန်ကြမ်းများကိုလည်း ပြည်တွင်း၌ ဖြည့်ဆည်းပေးနိုင်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှစ်ရပ်စလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရှိစေရေးနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေးအတွက် အားလုံးပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန်မြို့ရှိ ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၈

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံ့စက်မှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို အကျိုးရှိထိရောက်အောင် ထိန်းချုပ်စီမံခန့်ခွဲခြင်းဖြင့် ပြည်သူများကို စက်မှုလုပ်ငန်းများမှ ဓာတုပစ္စည်းဆိုင်ရာ ဘေးအန္တရာယ်ဆိုးကျိုးများမှ ကာကွယ်ရန်၊ နိုင်ငံ့သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ဂေဟစနစ်တို့အပေါ် မလိုလားအပ်သည့် ထိခိုက်မှုများ လျော့နည်းပျောက်အောင် အလေးထားဆောင်ရွက်ကြရန်၊ ဓာတ်ခွဲခန်းများကို အရည်အသွေးမြင့်မားကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်၊ ကွင်းဆင်းစစ်ဆေးသူများ အနေဖြင့် သတ်မှတ်အရည်အသွေး အသိအမှတ်ပြုလက်မှတ်များ ရရှိရေး ဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းကို ISO/IEC 17025 ရရှိရေးအတွက် ဆောင်ရွက်သွားရန်၊ နည်းပညာမြင့်စက်ပစ္စည်းများကို စီမံချက်အတိုင်းဖြည့်တင်းပြီး လိုအပ်သည့် လူစွမ်းအားရင်းမြစ်များကိုပျိုးထောင်ဆောင်ရွက်သွားရန်၊ ပုဂ္ဂလိကစက်မှုနှင့် MSMEs လုပ်ငန်းရှင်များ သင်တန်းများဖွင့်လှစ်ခြင်း၊ အသိပညာပေးပွဲများကျင်းပခြင်းနှင့် နိုင်ငံတကာသုတေသနလုပ်ငန်းများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာများမှာကြားပြီး ဓာတ်ခွဲခန်းများနှင့် Chemical Reagent Storage၊ Waste Management System(Chemical Management Center) တွင် ကြည့်ရှုစစ်ဆေးကာ သတ်မှတ် SOP များအတိုင်းဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။

(မိုး/၉လ)

ပြည်သူ့စနစ်မှုထမ်းနည်းဥပဒေများကို ဗဟိုရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

■ ရွှေကုက္ကိုလ်နယ်မြေမှ

ယနေ့ထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၀ လုံး စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင်ခြောက်ထပ် အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့ထိ တရားမဝင်အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရား များဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက် အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ခြောက်လုံး စုစုပေါင်းအဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံ မဖြိုဖျက်မီတွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အသိပညာပေး လေးမိနစ်စာ Animation Video ဖြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများအပေါ် လှောင်ပြောင်သရော်မှုပပျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် (Right Based) အမြင်ပုံနှံ့စေရေး အသိပညာပေး Animation Video ဖြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဖြိုင်ပွဲဝင် Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ဖြိုင်ပွဲအကြောင်းအရာကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာ ဖော်ပြရမည်။

(ဂ) လေးမိနစ်စာ (Animation Video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness//movie-clip?Page=1 website ရှိအသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File Format သည် mp4/ wmv/ avi ၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့်သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့်နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကိုပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ဖြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ဖြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email သို့မဟုတ် DVD သို့မဟုတ် VCDဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဖြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ပြန်လည်ထူထောင်ရေးဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၄၆၀၄၊ အီးမေးလ်လိပ်စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေးလုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Animation Video ဖြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သုံးရေများခွေတာသုံးစွဲရေး ပြည်သူသို့ အသိပေးနှိုးဆော်ချက်

အိမ်ထောင်စုရေ ခွေတာရေး နည်းလမ်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက် ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။





၂။ ရေချိုးချိန်နှင့် နှုန်စဉ် ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန် ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း / နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော် စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိ စောင့်၍ စုစည်းဆေးကြောပါ။



၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။
(ဥပမာ – ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊
ဆန်ဆေးရေများကို အပင် ရေလောင်းရာတွင် ပြန်လည် အသုံးပြုပါ။)



၅။ ရေကို စနစ်တကျ အသုံးပြုမှု အလေ့အထများကို အသိပညာပေး မျှဝေပါ။
မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာ သုံးစွဲခြင်း၏
အရေးပါပုံကို အသိပညာပေး မျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဘဲ့ခွေးရေ ခွေတာဘဲ့ခွေးစွဲရေးအပြင်ရေ့ နှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။
ရေငွေ့ပျံမှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန်
နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ
မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။





၂။ မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့်
ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ်
အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏
ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်များကို
ရွေးချယ်စိုက်ပျိုးပါ။





၄။ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း
ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက်
ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ
စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း မာလူကူကျွန်းစုရှိ ဒူကိုနိုမီးတောင်မှပြာမှုန်များ အမြင့်ပေ ၁၀၀၀၀ ထိ ရောက်ရှိပျံ့နှံ့နေ



ဂျကာတာ နိုဝင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း မာလူကူကျွန်းစုရှိ ဒူကိုနိုမီးတောင်သည် နိုဝင်ဘာ ၇ ရက်က ပေါက်ကွဲခဲ့ပြီး ယနေ့တွင် မီးတောင်မှ ပြာမှုန်များ ဆက်လက်ထွက်ရှိနေပြီး အမြင့်ပေ ၁၀၀၀၀ ထိ ရောက်ရှိပျံ့နှံ့နေကြောင်း မီးတောင်ပြာမှုန်စောင့်ကြည့်ရေးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

မီးတောင်ပြာများသည် မီးတောင် အထက်ပေ ၁၀၀၀၀ ထိ မြင့်တက်ခဲ့ပြီး အဆိုပါပြာမှုန်များသည်မီးတောင်၏ အရှေ့မြောက်ဘက်သို့ တစ်နာရီလျှင် ကိုးကီလိုမီတာခန့်နှုန်းဖြင့် ရွေ့လျားနေကြောင်း သိရသည်။

ဒူကိုနိုမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံအတွင်း မကြာခဏ လှုပ်ရှား ပေါက်ကွဲလေ့ရှိသည့် မီးတောင်တစ်ခုဖြစ်ပြီး ယခုအကြိမ်တွင်လည်း ပြာမှုန်ထုတ်လွှတ်မှု ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် မီးတောင်ပြာမှုန်သတိပေးချက် ဆက်လက်ထုတ်ပြန်ထားသည်။

မီးတောင်ပြာမှုန်များသည် ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ထိခိုက်စေနိုင်သည့် အပြင် လူတို့၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း လေထုအတွင်း ပျံ့နှံ့နေသော မီးတောင် ပြာမှုန်များသည် လေယာဉ်အင်ဂျင်များနှင့် လေကြောင်းပျံသန်းရေး စနစ်များအတွက် အန္တရာယ်ရှိနိုင်သဖြင့် လေကြောင်းဆိုင်ရာ အာဏာပိုင်များကလည်း လေကြောင်းဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်ချီစီရင်စုတွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် အခြေခံအဆောက်အအုံများပျက်စီး

တိုကျို နိုဝင်ဘာ ၈

ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်ချီစီရင်စုတွင် ယနေ့နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်ကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

မြေငလျင်သည် မြေအောက်အနက် ကီလိုမီတာ ၄၀ မှ ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်း ဖြစ်သော်လည်း ပျက်စီးမှုများရှိခဲ့ကြောင်း၊ မြေငလျင်လှိုင်းဒဏ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသော မြို့များမှာ ကျိုတိုမြို့နှင့် နာရာမြို့တို့ဖြစ်သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"ဒီနေ့နံနက်ပိုင်း အိုင်ချီစီရင်စုမှာ ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ကီလိုမီတာ ၄၀ ကနေ လှုပ်ခတ်ခဲ့ခြင်း ဖြစ်ပါတယ်။ မြေငလျင်လှိုင်းလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ အခြေခံအဆောက်အအုံတွေနဲ့ လူနေအိမ်တွေလဲ ပျက်စီးခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူဦးရေ ၂၀ ထက်မနည်းရှိခဲ့ပါတယ်။ မြေငလျင်လှိုင်းဒဏ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရတဲ့မြို့တွေကတော့ ကျိုတိုမြို့နဲ့ နာရာမြို့တို့ပဲဖြစ်ပါတယ်။ မြေငလျင်နောက်ဆက်တွဲအနေနဲ့ ဆူနာမီလှိုင်း လှုပ်ခတ်လာနိုင်ဖွယ်တော့မရှိပါဘူး။ မြေငလျင်လှိုင်းရိုက်ခတ်မှုကြောင့် ကျည်ဆန်ရထားတွေကို အရှိန်လျှော့မောင်းဖို့လဲ အရေးပေါ်ညွှန်ကြားခဲ့ရပါတယ်" ဟု ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။



Ref : Sputnik News

Trs : Sai Sat

ပါကစ္စတန်နိုင်ငံဆင်းဟ်ပြည်နယ်တွင် မိုးခေါင်မှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်

အစ္စလာမ်မာဘတ် နိုဝင်ဘာ ၈

ပါကစ္စတန်နိုင်ငံ ဆင်းဟ်ပြည်နယ် သာပါကာခရိုင်တွင် မိုးခေါင်မှုပြဿနာ ကာလရှည်ရင်ဆိုင်နေရသဖြင့် မိုးခေါင်မှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံများပျက်စီးမှုရှိခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍတွင် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသည့်အတွက် စားနပ်ရိက္ခာခက်ခဲသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ မိုးခေါင်မှုနှင့်ဆက်စပ်ပြီး ကဏ္ဍအသီးသီး၌ ကြီးမားသည့် ရိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိုးခေါင်မှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဆင်းဟ်ပြည်နယ် သာပါကာခရိုင်မှာ မိုးခေါင်မှုတွေဖြစ်ပေါ်နေပါတယ်။ ကာလတစ်ခုထိ ကြာမြင့်သွားပြီဖြစ်ပါတယ်။ မြေအောက်ရေခန်းခြောက်မှုတွေလဲ ဖြစ်ပေါ်နေတဲ့အတွက်ကြောင့် သောက်သုံးရေ မလုံလောက်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ အလားတူ စိုက်ပျိုးရေးကဏ္ဍမှာလဲ ကြီးမားတဲ့ရိုက်ခတ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်။ ကောက်ပဲသီးနှံပျက်စီးမှုနှုန်းကတော့ စိုက်ပျိုးတဲ့စုစုပေါင်းပမာဏရဲ့ ၉၀ ရာခိုင်နှုန်း လောက်ထိ ပျက်စီးသွားခဲ့ပါတယ်။ စားနပ်ရိက္ခာမလုံလောက်တဲ့ ပြဿနာတွေနဲ့လဲ ရင်ဆိုင်နေရတဲ့အတွက်ကြောင့် မိုးခေါင်မှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ပါတယ်"ဟု ပါကစ္စတန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

အိမ်ကွေဒေါ်အစိုးရက အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ဖြေရှင်းရန် ကန်ဒေါ်လာ သန်း ၂၀၀ ကျော် ခွဲဝေသုံးစွဲ

ကွီတို နိုဝင်ဘာ ၈

အီကွေဒေါ်အစိုးရက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အီကွေဒေါ်နိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် နိုင်ငံအတွင်း မိုးရွာသွန်းမှုစံချိန်များ မြင့်တက်လာနေပြီး စက်တင်ဘာလအတွင်း ကမ်းရိုးတန်းဒေသ၌ စံချိန်တင် မိုးရွာသွန်းခဲ့ကြောင်း၊ အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုသည် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်၏ သက်ရောက်မှုများအနက် တစ်ခု ဖြစ်ကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခြေအနေ အဆိုးရွားဆုံး ဖြစ်ပေါ်လာနိုင်ကြောင်း အီကွေဒေါ်သမ္မတ ဒန်နီရယ်နိုဘိုအာက ပြောကြားခဲ့သည်။

ကမ်းရိုးတန်းဒေသတွင် မိုးရွာသွန်းမှုပမာဏသည် ပုံမှန်အားဖြင့် နိုဝင်ဘာလတစ်လလုံး ရွာသွန်းလေ့ရှိသည့် မိုးရေချိန်ပမာဏထက် လေးဆထိရှိခဲ့ကြောင်း သိရသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် လိုအပ်ပါက ထပ်မံအသုံးပြုနိုင်မည့် ဘဏ္ဍာငွေများရရှိစေရန် ကမ္ဘာ့ဘဏ်ထံမှ အရေးပေါ်ချေးငွေများ ရယူခွင့်ကိုလည်း အစိုးရက တောင်းဆိုထားကြောင်း သိရသည်။

အီကွေဒေါ်နိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုများကြောင့် ဩဂုတ် ၂၉ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်စပ်သည့် အရေးပေါ် သတိပေးချက်များ ထပ်တလဲလဲ ထုတ်ပြန်ထားရပြီး လက်ရှိတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အနီရောင် အဆင့် အရေးပေါ် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

ဂါဇာကမ်းမြောင်ဒေသတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ဒေသခံ အမြောက်အများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

ဂါဇာ နိုဝင်ဘာ ၈

ဂါဇာကမ်းမြောင်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားသဖြင့် ဒေသခံအမြောက်အများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း ဂါဇာကမ်းမြောင်ဒေသ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ယာယီရွက်ဖျင်တဲများဖြင့် နေရာချပေးထားပြီး အာဏာပိုင်အဖွဲ့အစည်းက ရွက်ဖျင်တဲ အလုံးရေ ၇၀၀၀၀ ကျော်ထိ ပြင်ဆင်ပေးထားကြောင်း၊ သို့သော်လည်း အချို့သော ရွက်ဖျင်တဲ တည်ဆောက်ပေးထားသော နေရာများတွင်လည်း ရေစီးဝင်မှုများရှိနေသည့်အတွက် ထပ်ဆင့်ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အမြောက်အများရှိနေကြောင်း၊ ရေကြီးရေလျှံမှုကြောင့် မတော်တဆဖြစ်စဉ်များလည်း ဖြစ်ပေါ်ခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာရရှိသူ တချို့ရှိခဲ့ကြောင်း ဂါဇာကမ်းမြောင်ဒေသ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းပြီး မိုးရေချိန်မြင့်မားတဲ့အတွက် ၁၂ နာရီအတွင်းမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံအမြောက်အများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီးတော့ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်။ ရေကြီးရေလျှံမှုကြောင့် မတော်တဆ ဖြစ်စဉ်တွေဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာရရှိသူတွေလဲ ရှိနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေအတွက် နေရာချထားပေးဖို့ ရွက်ဖျင်တဲ ၇၀၀၀၀ ကျော် တည်ဆောက်ထားပါတယ်"ဟု ဂါဇာကမ်းမြောင်ဒေသ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

မေတ္တာရေတို့ဖြင့် ထုံမွမ်းခဲ့သည့်ပန်းတစ်ပွင့်

ဓူဝံထက်ယံ(ကျိုက်စကော)



(၁)

"ဂိုဂိုး ဂိုဂိုး"

"အောင်ကျော် အောင်ကျော်"

အတန်းနောက်မှထွက်ပေါ်လာသည့် ဆူညံသံများကြောင့် အတန်းစာရင်းများလုပ်နေသော ကျွန်တော် ကလေးများအော်သံထွက်ပေါ်လာရာ နေရာသို့ အပြေးတစ်ပိုင်းရောက်ရှိသွားခဲ့ရ၏။

"ဟေ့ မင်းတို့ဘာတွေဖြစ်နေတာလဲ။ အခုရပ်လိုက်ကြစမ်း"

ကျွန်တော့်အော်ငေါက်သံကြောင့် ဝိုင်းအုံကြည့်နေကြသော ကလေးများ နောက်သို့ခွာသွားကြပြီး ကျွန်တော့်ကို လမ်းဖယ်ပေးလိုက်ကြသည်။ ထိုစဉ် ကျောင်းသားအုပ်စုထဲမှ တစ်ယောက်က-

"ဟေ့ကောင်တွေ ဆရာလာပြီ။ မင်းတို့ဖြစ်နေတာတွေ တော်ကြတော့၊ ရပ်လိုက်ကြတော့"

သတိပေးလိုက်သည့်ကျောင်းသားလေးက သတိလည်းပေး၊ ဝင်လည်းဆွဲရင်း ရန်ဖြစ်ထိုးနှက်နေကြသောကျောင်းသားနှစ်ယောက်ကြားထဲဝင်နေလိုက်၏။

ရန်ဖြစ်ထိုးနှက်ကြရင်း ဖရိုဖရဲဖြစ်နေကြသည့် ကျောင်းသားနှစ်ဦးကို ကျွန်တော်ကြည့်လိုက်ရင်း "ဩော် မင်းဖြစ်နေပြန်ပြီလား ဂိုဂိုး။ နှစ်ယောက်စလုံး အတန်းရှေ့ကိုလာခဲ့ကြ"ဟုပြောရင်း ကျွန်တော် အတန်းရှေ့က စားပွဲဆီသို့ပြန်လျှောက်လာခဲ့၏။ ကုလားထိုင်တွင်ပြန်ထိုင်လိုက်ရင်း "မဆိုင်တဲ့သူတွေကိုယ့်နေရာကိုယ်ပြန်ထိုင်ကြ။ ကဲ မင်းတို့နှစ်ယောက်ပြောကြပါအုံး ရန်ဖြစ်တဲ့အကြောင်းရင်းလေးကို။ အကြည့်တွေကိုမကြိုက်လို့ဖြစ်ကြပြန်တာလား"

"မဟုတ်ဘူးဆရာ၊ သားကို အောင်ကျော်က မထိတထိ ရန်စတယ်၊ ပြီးတော့ သူ့ဘေးနားကကောင်နဲ့လဲ သားအကြောင်းတွေ စောင်းမြောင်းပြောတယ်၊ ပထမတစ်ကြိမ်၊ နှစ်ကြိမ်လောက်ထိ သားဘက်က သည်းခံနေတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သည်းမခံနိုင်တော့တဲ့အဆုံး အခုလို ရန်ထဖြစ်ကြတာပဲဆရာ"

"ဂိုဂိုးပြောသွားတာမှန်လား အောင်ကျော်"

"မှန်သလောက်မှန်ပါတယ်ဆရာ။ ဒါပေမဲ့ သူ့ကို စောင်းပြောတယ်ဆိုတာကတော့ မဟုတ်ပါဘူးဆရာ၊ ရန်စတယ်ဆိုတာကလဲ သူကအရင် သားကို ထိုးမလား၊ သတ္တိရှိလား၊ မင်းယောကျ်ားလား၊ အခြောက်လားဆိုတဲ့ မေးခွန်းတွေ အရင်မေးပြီး စိန်ခေါ်နေလို့ သားဘက်က 'အေး'ထိုးကြတာပေါ့ကွာလို့ပြောပြီး စဖြစ်ကြတာပါဆရာ"

"ဟုတ်လား ဂိုဂိုး "

ဂိုဂိုးကငုံထားသော ဦးခေါင်းကိုပြန်မော့လိုက်ရင်း "ဟုတ်ကဲ့ဆရာ"ဟုဖြေလိုက်၏။

"ဟုတ်ပြီ၊ ဒါဆိုရင် မင်းတို့နှစ်ယောက်စလုံးမှာ အပြစ်ရှိလား၊ မရှိဘူးလား"

ကျွန်တော်၏အမေးကို အောင်ကျော်ရော ဂိုဂိုးရော နှစ်ယောက်စလုံးက "အပြစ်ရှိပါတယ်ဆရာ"ဟု တစ်ပြိုင်တည်းဖြေကြ၏။

"ဟုတ်ပြီ၊ ဒါဆို မင်းတို့ကို ဘယ်လိုအပြစ်ပေးရမလဲ၊ ဆရာ့ကို အကြံပေးကြပါအုံး"

"ဆရာ စိတ်ကျေနပ်သလောက်ရိုက်ပါဆရာ" အဖြေပေးလိုက်သူက ဂိုဂိုး။

"မင်းတို့က ရိုက်ရမဲ့အရွယ်တွေ မဟုတ်တော့ဘူးလေကွာ၊ မင်းတို့အခုလုပ်လိုက်တဲ့လုပ်ရပ်က ကျောင်းစည်းကမ်းနဲ့မညီသလို ပြဿနာတစ်ခုကို ကျောင်းသား၊ ကျောင်းသူတွေ ဖြေရှင်းရမဲ့ ပုံစံအမှန်လဲမဟုတ်ဘူးနော်၊ ပြီးတော့ ဒီကိစ္စသာ ကျောင်းအုပ်ကြီးသိသွားရင် နစ်နာသူတွေက မင်းတို့ပဲဖြစ်မယ် ဆိုတာရော စဉ်းစားမိကြလား"

နှစ်ယောက်စလုံး မျက်နှာလေးတွေ ကွက်ခနဲ ပျက်သွားကြသည်။

"အေး ပထမတစ်ကြိမ် အောင်ကျော်က ဆယ်တန်းဘီအခန်းနဲ့ ဖြစ်တဲ့အချိန်မှာအုပ်စုလိုက်ထိုးနှက်တဲ့အဖွဲ့ထဲပါခဲ့မိလို့ ကျောင်းအုပ်ကြီးရဲ့ရှေ့မှာတင် စည်းကမ်းထိန်းသိမ်းရေးမှတ်တမ်းမှာ နောက်မဖြစ်တော့ပါဘူးဆိုတဲ့ ဝန်ခံကတိလက်မှတ်ထိုးခဲ့ရတယ်မလား "

ကျွန်တော့်အပြောတို့ကြောင့် အောင်ကျော်၏ မျက်နှာမဖော်ရဲတော့။

"အေး၊ နောက်တစ်ယောက် ဂိုဂိုး။ မင်းက ဆရာတို့ကျောင်းကို ဒီနှစ်မှရောက်လာတဲ့ ကျောင်းသားသစ်နော်။ ရောက်လာပြီး မကြာသေးဘူး အိမ်သာထဲမှာ ဆေးလိပ်ခိုးသောက်တဲ့ကိစ္စနဲ့ ကျောင်းအုပ်ကြီးရှေ့မှာ နောက်မဖြစ်စေရပါဘူးဆိုပြီး ဝန်ခံကတိလက်မှတ်ထိုးခဲ့တာ ဘယ်လောက်ကြာသေးလို့လဲ။ အခုမင်းက နောက်တစ်ကြိမ် စည်းကမ်းချိုးဖောက်ပြန်ပြီဆိုတော့....."

ကျွန်တော့်စကားကိုအဆုံးမသတ်သေးဘဲ ဂိုဂိုးကို အကဲခတ်ကြည့်မိ၏။ သူ့မျက်နှာမှာ နောင်တရသည့်အရိပ်အယောင်ဟူ၍ စိုးစဉ်းမျှပင်မတွေ့ရပေ။ ထို့ကြောင့် "ကဲ ကောင်းပြီ၊ ကိုယ့်သမိုင်းကိုယ်ရေးနေကြတာပဲကွာ ဆက်ရေးကြပေါ့၊ မင်းတို့မိဘတွေခေါ်ရုံပဲရှိတော့တာပေါ့"

(၂)

ဂိုဂိုးနှင့်အောင်ကျော်တို့၏ မိဘများဆီသို့ ကျွန်တော်ဖုန်းဆက်ခေါ်ပြီး ၁၅ မိနစ်လောက်အကြာတွင် ၎င်းတို့နှစ်ဦး၏ မိဘများရောက်ရှိလာကြသည်။ ပြဿနာအလုံးစုံကို ကျွန်တော်ကပဲ ရှင်းပြလိုက်ပြီး နောက်ဆက်တွဲဖြစ်လာနိုင်သည့်အကျိုးဆက်များကို မိဘများကို ပြောပြလိုက်၏။

"မိဘများကိုခေါ်ရတာတော့ အားနာပါတယ်။ ကျွန်တော့်ဘက်ကလဲ မခေါ်မဖြစ်လို့သာ ခေါ်လိုက်ရတာပါ။ ဒီကိစ္စကို ကျောင်းအုပ်ကြီးရုံးခန်းတော့ မရောက်စေချင်တာအမှန်ပါ။ ဘာလို့လဲဆိုတာတော့ ဒီကမိဘတွေလဲ သိမယ်ထင်ပါတယ်"

မိဘနှစ်ဦးက ကျွန်တော့်ကိုကြည့်ရင်း "သိပါတယ်ဆရာ"ဟုဖြေကြ၏။

"ဟုတ်ကဲ့၊ ဒီတော့ ဒီကမိဘနှစ်ယောက်ကို ကျွန်တော်ပြောချင်တာက ကိုယ့်ကလေးတွေရဲ့မျက်နှာလေးတွေမှာရထားတဲ့ ဒဏ်ရာတွေကိုကြည့်ပြီး ကိုယ့်သားခံလိုက်ရလို့မကျေနပ်နိုင်ဘူး။ ဒီမှာတင်မရပ်နိုင်ဘူးဆိုရင်လဲ အတန်းပိုင်ဆရာဖြစ်တဲ့ကျွန်တော့်ကို အားမနာဘဲ ကျောင်းအုပ်ကြီးရုံးခန်းကိုသာတက်ကြပါ။ အဲဒီလိုမှမဟုတ်လို့ ကျွန်တော်ရှင်းပေးတာနဲ့တင် လုံလောက်ပါတယ်ဆိုရင်တော့....."

ကျွန်တော်စကားစကိုဖြတ်ပြီး မိဘနှစ်ဦး၏ အခြေအနေကို အကဲခတ်လိုက်စဉ် အောင်ကျော့်ဖခင်က "ဆရာ ကျွန်တော်ကတော့ ကျေနပ်ပါတယ်။ ကျွန်တော့်သားအကြောင်းလဲ ကျွန်တော်သိနေပြီး သားဆိုတော့ သူကလဲ မဟုတ်မခံစိတ်ကလေးက ရှိနေတော့ ဟိုဘက်ကလေးက စနောက်တဲ့အချိန် အခန့်မသင့်လို့ဖြစ်ကြတာပဲဆရာ။ ကျွန်တော့်သားကျိုးပဲ့သွားလဲ သူ့အမှားကြောင့်ဖြစ်တာမို့ လက်ခံနိုင်ပါတယ်ဆရာ၊ ဆရာပဲရှင်းပေးပါ"

ဂိုဂိုးမိခင်ကလည်း မျက်နှာငယ်လေးနှင့် "ကျေနပ်ပါတယ်ဆရာ၊ ဆရာရှင်းပေးတာနဲ့တင် လုံလောက်ပါပြီ"ဟုဖြေရင်း ဂိုဂိုးဘက်လှည့်ကာ "နင့်ကို နင့်အဖေနဲ့တိုင်ပြောမယ်ကြည့်နေ"

ထိုစဉ် ဂိုဂိုးထံမှ ကျွန်တော်တို့အားလုံး မမျှော်လင့်ထားသည့်လေသံဖြင့် "ဘာကို နင့်အဖေနဲ့တိုင်မှာလဲ၊ တိုင်မနေနဲ့ဗျာ၊ မွေးဖို့တစ်ခုပဲသိခဲ့တဲ့ အဖေကို စကားထဲထည့်မပြောနဲ့"

ဂိုဂိုး၏လေယူလေသိမ်းနှင့်အပြောအဆိုများကဖခင်ဖြစ်သူကို အတော်လေးနာကြည်းနေသည့် လေသံမှန်း ကျွန်တော့်နားလည်လက်ခံမိလိုက်၏။

ထို့အတူ ဂိုဂိုး၏မိခင်ဖြစ်သူ မျက်နှာမှာလည်း ယခင်ကထက်ပင် ညှိုးနွမ်းသွားသယောင်ထင်မိ၏။ ထို့ကြောင့် ကျွန်တော်ကပင် စကားစဖြတ်လိုက်၍ "ဒါဆိုရင် ဒီကိစ္စကို ဒီနေရာမှာတင် မိဘနှစ်ယောက်စလုံးက ကျေနပ်တယ်လို့ပဲ သတ်မှတ်လိုက်ပါမယ်နော်။ ကဲ မင်းတို့နှစ်ယောက်လဲ လက်ဆွဲပြီးနှုတ်ဆက်လိုက်ကြ။ ပြီးတော့ ဒီကိစ္စပေါ်မှာ ထပ်ဆင့်ပြီးနောက်ထပ် ပြဿနာတစ်ခုမဖြစ်စေရပါဘူးလို့ကတိပေးရမယ်နော်"

ကလေးနှစ်ဦးရော မိဘနှစ်ဦးပါ ခေါင်းညိတ်ပြကြ၏။

"ကဲ ဒါဆို၊ ကျွန်တော့်ကို မိဘတွေရော ကလေးနှစ်ယောက်ရော အတန်းစည်းကမ်းထိန်းသိမ်းရေးမှတ်တမ်းမှာလက်မှတ်ထိုးသွားပေးနော်"ဟုပြောရင်း ကျွန်တော်၏စိတ်အစဉ်များကတော့ ကျွန်တော့်စိတ်နှလုံးကို ကိုင်လှုပ်သွားနိုင်ခဲ့သော ဂိုဂိုး၏စကားသံများကိုသာ ထပ်တလဲလဲကြားယောင်မိရင်း ဖခင်နှင့်ပတ်သက်၍ စိတ်ခံစားချက်ရှိနေသော ဂိုဂိုးအကြောင်းကို ပိုမိုသိရှိနိုင်ဖို့ ကျွန်တော်ယခုထက် ပိုကြိုးစားရမည်ဖြစ်ကြောင်း သတိထားမိခဲ့ပါသည်။

(၃)

"မွေးဖို့တစ်ခုပဲသိခဲ့တဲ့အဖေကို စကားထဲထည့်မပြောနေနဲ့"ဆိုသည့် ဂိုဂိုး၏စကားများကိုကြားယောင်မိလိုက်တိုင်း "ဒီကလေးဟာ တော်တော်မိုက်ရိုင်းတဲ့ကလေး၊ ယဉ်ကျေးမှုမရှိလိုက်တာ"ဟု တွေးရမည့် အစားသည်ကလေး၏စိတ်ထဲတွင် "မည်သို့သောစိတ်ဒဏ်ရာတို့ရှိနေမည်လဲ။ အကြောင်းရင်းကဘာလဲ" ဆိုသည့်မေးခွန်းများသာ တွင်တွင်မေးနေမိသည်။

သို့ကြောင့် ဂိုဂိုးနှင့်အခင်မင်ဆုံးဟုယူဆရသည့် ကလေးကိုခေါ်၍ ဂိုဂိုးအကြောင်း စတင်စုနည်းနာကြည့်ရာ ဂိုဂိုးဖခင်နှင့်မိခင်မှာ ဂိုဂိုးခုနစ်နှစ်သားအရွယ်လောက်ကတည်းက တရားဝင်ကွာရှင်းခဲ့ပြီဖြစ်ပြီး ဂိုဂိုးကိုးတန်းအရွယ်ထိ ဖခင်ဖြစ်သူနှင့်နေထိုင်ခဲ့သော်လည်း နောက်အိမ်ထောင်ထပ်ပြုခဲ့သည့် ဖခင်ဖြစ်သူကြောင့် ဖခင်နှင့်မနေတော့ဘဲ မိခင်ဖြစ်သူထံလာရောက်နေထိုင်ခဲ့၏။ ရောက်စက ပြဿနာမရှာတတ်သည့်ဂိုဂိုးမှာ မိခင်ဖြစ်သူကပါ အိမ်ထောင်ပြုပြီးနောက်ပိုင်းမှာတော့ အဘိုးအဘွားတို့နှင့်နေရင်း တစ်စထက်တစ်စပိုပိုဆိုးလာခဲ့၏။

(၄)

သည်လိုနှင့်.....

ကျွန်တော်သင်သည့် ၁၀ တန်းသို့ ရောက်လာသည့်ဂိုဂိုး ပြဿနာရှာနေရသည့်အကြောင်းရင်းကို သိသင့်သလောက်သိခဲ့ရသော ကျွန်တော်။

ဂိုဂိုးဘဝထက်စာလျှင် ကျွန်တော့်ဘဝက အများကြီးသာပါသေးသည်ဟုပင်တွေးမိလေ၏။

ကိုယ်ဝန်သုံးလကတည်းက ဖခင်ဖြစ်သူစွန့်ခွာသွားသော်လည်း ဘဝကိုအရှုံးမပေးဘဲ တစ်ယောက်တည်းရပ်တည်ခဲ့ရင်း သားဖြစ်သူကို ကျောင်းဆရာတစ်ဦးဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည့် မေမေ။ နောက်အိမ်ထောင်မပြုဘဲ ဖခင်တာဝန်ရော၊ မိခင်တာဝန်ပါ ကျေပွန်ခဲ့သည့်မေမေ။

မေမေ့ထိန်းကျောင်းပြုပြင်မှုတို့ကြားမှာ ပညာတတ်ဘွဲ့ရ၊ ကျောင်းဆရာဆိုသည့် ဂုဏ်လေးတစ်ခုရခဲ့သည့်ကျွန်တော်။ ဖခင်မရှိရုံကလွဲပြီး ကျွန်တော့်ဘဝကို လူတန်းစေ့နေထိုင်နိုင်အောင်ထားပေးခဲ့သည့် မေမေ့ကို စိတ်ထဲမှအကြိမ်ကြိမ်ကျေးဇူးတင်နေမိ၏။

ထိုနည်းတူ ကျွန်တော့်ဘဝလို ဖခင်ဖြစ်သူကြောင့် စိတ်ဒဏ်ရာရခဲ့ရုံသာမက မိခင်ဖြစ်သူကြောင့်ပါ စိတ်မချမ်းသာခဲ့ရသော၊ ကျွန်တော့်ဘဝထက်ဆိုးသော ဂိုဂိုးအဖြစ်ကို မြင်တွေ့နေရပြီမို့ မလိမ္မာသည့်ကလေးကို လိမ္မာလာအောင်ပြုပြင်ပေးရမည့်တာဝန်မှာ ကျွန်တော်တို့ဆရာ၊ ဆရာမတိုင်း၏

စာမျက်နှာ ၂၅ သို့ ခ

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီး



စစ်ကိုင်း နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နှုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၅၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်နှုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် နှုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၈ ဒသမ ၈၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲ ၇၅၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် နှုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၂၄ မှအဆက်

တာဝန်ပင်ဖြစ်သည့်အတွက် ဂိဂိုးကို အကောင်းဆုံးပြုပြင်ပေးမည်ဟု ကျွန်တော့်စိတ်ထဲမှ ဆုံးဖြတ်လိုက်မိ၏။

(၅)

ထိုသို့သစ်လွင်သော ဆုံးဖြတ်ချက်တို့နှင့်အတူ နောက်တစ်နေ့ ကျောင်းသို့ရောက်သည်နှင့် ဂိဂိုးကို အတန်းထဲမှခေါ်ထုတ်ပြီး ကျွန်တော်ကပင် စကားစပြောလိုက်၏။

"မနေ့က လူအများရှေ့မှာ သားအမေကို ဘာကြောင့် ငေါက်ကာ ငမ်းကာ ပြောလိုက်ရတာလဲ ဂိဂိုး"

ထိုမေးခွန်းမေးရင်း ဂိဂိုးမျက်နှာကို မသိမသာအကဲခတ်ကြည့်မိ၏။ နှုတ်ဆိတ်နေဆဲဖြစ်သော ဂိဂိုးကို ကျွန်တော်ကပင်ဆက်၍ "သားအကြောင်းတွေကို ဆရာသိသင့်သလောက်သိထားပါတယ်။ ငါ့သား၊ သားဘဝဟာ ဆရာ့ဘဝနဲ့ ခပ်ဆင်ဆင်လေးတူနေပေမဲ့ သားဘဝက ပိုဆိုးတယ်လို့ ဆရာသုံးသပ်မိပါတယ်"

ဂိဂိုး ခေါင်းငိုက်စိုက်ချကာ သေချာစွာအာရုံစူးစိုက်နားထောင်နေဆဲမို့ ကျွန်တော်ကပင် "ဒါပေမဲ့ ငါ့သားရယ်။ ဘဝဆိုတာ တစ်ခါတလေ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရတာမှမဟုတ်တာပဲကွာ။ ပြီးတော့ ကံ၊ကံရဲ့ အကျိုးဆိုတာကို သားယုံတယ်မလား"

"ဟုတ်ကဲ့။ သားယုံပါတယ်ဆရာ"

ဒါဆိုရင် ဆရာတို့က အဲဒီမကောင်းခဲ့တဲ့ ကံအကြောင်းတရားတွေ အပေါ်မှာ လိုက်ခံစားပြီး မကောင်းမှုတွေ ထပ်လုပ်နေအုံးမယ်ဆိုရင် ဘာတွေဆက်ဖြစ်လာမလဲ ဖြေကြည့်ပါအုံးသား"

"မကောင်းတာတွေဘဲ ဆက်ဖြစ်လာမှာပါဆရာ"

"သားဟာ တကယ်လုပ်ရင်တကယ်ဖြစ်မဲ့ ကလေးတစ်ယောက်မှန်း ဆရာသိနေတယ်။ သားစိတ်ထဲမှာရှိနေတဲ့ လောကကြီးကို အရွဲ့တိုက်ချင်တဲ့ စိတ်တွေဖျောက်ပြီး သားကိုချစ်တဲ့ သား‌ရဲ့အဘိုးနဲ့အဘွားအတွက် ကြိုးစားပြလိုက်စမ်းပါကွာ။ အခုလိုအရွဲ့တိုက်ပြီးနေသွားရင် သားဘဝကြီးစောင်းသွားရုံကလွဲလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူးလေ။ ဒါကြောင့် သားဘယ်လောက်လုပ်ပြနိုင်လဲ ဆရာစောင့်ကြည့်မယ်။ ဒီနှစ်ရဲ့လက်ကျန်အချိန်တွေမှာ သားအကောင်းဆုံးပုံစံနဲ့ ပြန်လာမယ်ဆိုတာလဲ ဆရာယုံကြည်တယ်သား။ သားကြိုးစားပြီး နေထိုင်ကြည့်ကွာ"

ကျွန်တော့်ရင်ထဲက စာနာစိတ်၊ မေတ္တာစိတ်အပြည့်တို့နှင့်ပြောပြီး နောက်မှာတော့ ကိုယ့်ကိုယ့်ကိုယ်အတော်လေးကျေနပ်သွားပြီမို့ ဂိဂိုးကို အတန်းထဲပြန်စေခဲ့၏။

(၆)

ယနေ့ဆိုလျှင် ကျွန်တော်တို့ကျောင်းလေး၏ ပထမဆုံးအကြိမ် စာမေးပွဲရလဒ်တို့ကို ကျောင်းအုပ်ကြီးထံ အပ်နှံရမည့်နေ့ဖြစ်သဖြင့် ဖြည့်စရာရှိသည့် စာရင်းဇယားများဖြည့်ရန် ကျွန်တော်ကျောင်းသို့ စောစောရောက်ခဲ့၏။ အတန်းထဲတွင် ကျွန်တော့်ထက်စော၍ရောက်သူ တစ်ဦးရှိနှင့်လေပြီ။ ထိုသူကား အခြားသူမဟုတ်။ အတန်း၏ဂုဏ်ဆောင် ဂိဂိုး။ သူ့ကိုမြင်ရသည်မှာ ယခင်တစ်လလောက်က ဆိုးသွမ်းပေတေနေသည့် ကလေးတစ်ယောက်လိုမဟုတ်သည်ကိုတော့ ကျွန်တော်သတိထားခဲ့မိ၏။ သို့သော် "ခွေးမြီးကောက် ကျည်တောက်စွပ်"ဆိုသည့် စကားအတိုင်း" ဘယ်အချိန် ပြဿနာထရှာမည်လဲ"ဟုသာ သူ့အပေါ် ထားသည့် အသိစိတ်တို့ကမယုံရဲ့။ သို့သော်လည်း သူ့ပုံစံက အမှန်တကယ် ပြောင်းလဲလာသလိုတော့ ကောက်ချက်ချမိ၏။ ယနေ့နံနက်လည်း အတန်းထဲရှိဝေယျာဝစ္စအဝဝကို လုပ်ကိုင်နေပုံကြည့်ရင်း သတိထားချင်စရာဖြစ်ခဲ့၏။ သို့ကြောင့် ဘာသာရပ်ဆရာမများပေးထားသည့် သူ့အမှတ်စာရင်းကို ကြည့်ရန်ဆုံးဖြတ်မိ၏။ ထိုသို့ကြည့်မိတော့မှ သူ့ရဲ့ တိုးတက်မှုက အမှန်အကန်ဖြစ်ကြောင်း ကျွန်တော်နားလည်ခဲ့လေပြီ။ သည်ကလေး တကယ်တိုးတက်ခဲ့လေပြီ။ သူ့အမှတ်စာရင်းတို့မှာ ဘာသာစုံ A အဆင့်ရနေခဲ့သည့်အတွက် သူတကယ်ပဲ ပြောင်းလဲနိုင်ခဲ့ပြီလား ကျွန်တော်သိချင်ခဲ့သောကြောင့် "ဂိဂိုး သားကို ဆရာမေးစရာရှိတယ်။ လာပါအုံး"

ဂိဂိုးက လက်ကလေးပိုက်၍ ကျွန်တော့်အနားလာရပ်၏။

" အခု သားဆရာ့ကို ကတိပေးနိုင်ပြီလား"

ဂိဂိုးပြန်ဖြေလိုက်သည့်အဖြေက ကျွန်တော့်ရင်ကို တကယ်ပင် တည့်တည့်ထိမှန်ခဲ့၏။

"သားက ကတိပေးရတာထက် လက်တွေ့လုပ်ချင်သူပါဆရာ။ သားဆရာ့ကို ကတိမပေးနိုင်ပေမဲ့ ဆရာ့ ရင်ထဲက မေတ္တာ၊ အကြင်နာ၊ စာနာစိတ်တွေနဲ့ ဆုံးမပြောပြပေးခဲ့တဲ့စကားတွေကိုတော့ သားဘဝတစ်လျှောက်လုံးမှတ်သားထားမှာပါဆရာ။ ပြီးတော့ အရင်က ပိုးကျခဲ့ဖူးတဲ့ပန်းတစ်ပွင့်ဟာ ဆရာ့မေတ္တာအလင်းရောင်တွေနဲ့ စေတနာရေတွေ ပက်ဖျန်းပြီး စာနာစိတ်အပြည့်ရှိတဲ့ပျိုးဥယျာဉ်ကြောင့် အမြဲပွင့်လန်းနေမယ်ဆိုတာတော့သေချာပါတယ်ဆရာ"

ထိုနေ့ကပြောခဲ့သော ဂိဂိုးစကားတို့ တကယ်ပင်မှန်ကန်ခဲ့ကြောင်း တက္ကသိုလ်ဝင်တန်းအောင်စာရင်းက သက်သေပြနိုင်ခဲ့လေပြီ။ ကတိမပေးသော်လည်း အလုပ်ဖြင့်သက်သေပြနိုင်ခဲ့သူဂိဂိုး။ ကျွန်တော့် စေတနာတို့ကိုအသိအမှတ်ပြုခဲ့သူဂိဂိုး။ တစ်နည်းအားဖြင့် သူပြောခဲ့သလို သူသည် ပိုးကိုက်ခဲ့ဖူးသော်လည်း ဆရာဖြစ်သူ ကျွန်တော်၏ မေတ္တာရောင်တို့ထုံမွမ်း၍ အစွမ်းကုန်ပွင့်လန်းခဲ့ပါသော ပန်းလေး တစ်ပွင့်ဟုပင် တင်စားလိုက်ချင်ပါတော့သည်။

ပြည်ထောင်အရေး ညီနောင်တွေးလျှင်

- တို့တိုင်းပြည် အေးမြဖို့
တွေးဆပါ့ တို့ညီနောင်၊
တိုင်းနယ်သူ အပြုံးဆိတ်မဲ့
မုန်းစိတ်ကိုရှောင်၊
ချစ်ခြင်းဖွဲ့ ပေးလက်ဆောင်
ဆွေးရက်အမှောင် ဖယ်စေတော့၊
ပြည်သားသူ အပန်းမတွေ့
ချမ်းမြေ့ဖို့ပေါ့။

- တို့တိုင်းပြည် ရှုမငြီးဖို့
စုစည်းပါ့ တို့ညီနောင်၊
တိုင်းနယ်သူ အရေးပဲမို့
သွေးကွဲမှုရှောင်၊
တို့ပြည်ကြီး စည်ပင်အောင်
တီထွင်ဆောင်လို့ နိုင်ရာထမ်း၊
ပြည်သားသူ ဘဝင်မြ
ရွှင်ကြဖို့မှန်း။

- တိုင်းပြည်ဂုဏ် လျှံလွှမ်းဖို့
ကြံစမ်းပါ့ တို့ညီနောင်၊
တိုင်းနယ်သူ မြန်မာမျိုးတို့
ကမ္ဘာစိုးရအောင်၊
တက်ညီလို့ လက်ညီဆောင်
ချစ်ပြည်ထောင် ဂုဏ်ရောင်ဖိတ်၊
ပြည်သားသူ ပျော်စကားနဲ့
အိုကွယ်..
မော်ကြွားမဲ့ နိမိတ်။ ။

လွမ်းလေးကို(သရက်)

နှတ်တလင်းမြို့နယ် ဘုရားထု(အရှေ့)ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

နှတ်တလင်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး နှတ်တလင်းခရိုင် နှတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဘုရားထု (အရှေ့) ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နှတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုး၊ မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက ဘုရားထု(အရှေ့) ကျေးရွာ၌ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံနှုန်းနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၁၉၉၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၈၂ သန်း စုစုပေါင်း ၂၀ ဒသမ ၈၂ သန်း အသုံးပြု၍ မြို့နယ်ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလစတုတ္ထပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန္တာ**

အဖိုးတန်ရေချိုကို ချွေတာသုံးစွဲကြပါစို့

မေဇင်ထွန်း

ရေသည် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါအားလုံး ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ လူသားတို့၏ နေ့စဉ်စားဝတ်နေရေးမှသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်း၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဂေဟစနစ်တည်တံ့ရေးထိ ကဏ္ဍအသီးသီးတွင် ရေ၏အခန်းကဏ္ဍသည် အစားထိုး၍မရနိုင်အောင် အရေးပါလျက်ရှိသည်။ လူတစ်ဦး၏ အသက်ရှင်သန်ရေးအတွက် သောက်သုံးရေလိုအပ်သကဲ့သို့ အစားအစာထုတ်လုပ်ရေး၊ စီးပွားရေးလုပ်ငန်းများလည်ပတ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဟန်ချက်ညီမျှရေးတို့အတွက်လည်း ရေသည် အခြေခံအကျဆုံး အရင်းအမြစ်ဖြစ်သည်။

ကမ္ဘာ့ရေအရင်းအမြစ်များကို လေ့လာကြည့်လျှင် ကမ္ဘာပေါ်ရှိရေအများစုမှာ ပင်လယ်သမုဒ္ဒရာများတွင် တည်ရှိသည့် ဆားငန်ရေများဖြစ်ပြီး လူသားတို့ သောက်သုံးရန်နှင့် နေ့စဉ်လုပ်ငန်းများတွင် တိုက်ရိုက်အသုံးပြုနိုင်သည့် ရေချိုမှာ အချိုးအစား အလွန်နည်းပါးသည်။ ရေချိုအများစုသည် ရေခဲတောင်များ၊ ရေခဲမြစ်များနှင့် မြေအောက်ရေအရင်းအမြစ်များအတွင်း သိုလှောင်တည်ရှိနေကြသည်။ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ရေလှောင်ကန်များတွင် ရရှိနိုင်သည့် ရေပမာဏမှာလည်း ရာသီဥတုအခြေအနေ၊ မိုးရွာသွန်းမှုပမာဏနှင့် လူတို့၏သုံးစွဲမှုအပေါ် မူတည်၍ အကန့်အသတ်ရှိသည်။ ရေချိုသည် သဘာဝအတိုင်း ပြန်လည်ဖြည့်တင်းနိုင်သည့် အရင်းအမြစ်ဖြစ်သော်လည်း သုံးစွဲမှုများလွန်းခြင်း၊ ရေထုညစ်ညမ်းစေခြင်းနှင့် သဘာဝအရင်းအမြစ်များ ပျက်စီးစေခြင်းတို့ကြောင့် လက်လှမ်းမီသုံးစွဲနိုင်သည့် ရေပမာဏလျော့နည်းလာနိုင်သည်။

ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးသည် ပိုမိုအရေးကြီးလာသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံ မမှန်ကန်ခြင်း၊ မိုးခေါင်ရေရှားမှုများ ပိုမိုဖြစ်ပွားလာခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် ရေအရင်းအမြစ်များ၏ အရည်အသွေးနှင့် ရရှိနိုင်မှုတို့ ထိခိုက်လာသည်။ အချို့ဒေသများတွင် မိုးရေမလုံလောက်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ရသကဲ့သို့ အချို့ဒေသများတွင်လည်း မြေအောက်ရေကို အလွန်အကျွံထုတ်ယူသုံးစွဲမှုကြောင့် မြစ်ချောင်းတို့၏ ရေမျက်နှာပြင်ကျဆင်းလာခြင်းနှင့် ရေရှားပါးမှုများ ကြုံတွေ့လာရသည်။ ထို့ပြင် စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ၊ အိမ်သုံးစွန့်ပစ်ရေများနှင့် စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် မြစ်၊ချောင်း၊အင်းအိုင်များညစ်ညမ်းလာပါက ရှိပြီးသား ရေအရင်းအမြစ်များကိုပင် အသုံးပြုရန်ခက်ခဲလာသည်။ ထိုအခြေအနေများသည် ရေချိုရရှိရေးကို သာမက လူသားတို့၏ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ ထိခိုက်စေနိုင်သည်။

ရေချိုအရင်းအမြစ်များ၏ အရေးပါမှုကို စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်ကြည့်ပါက လူသားတို့စားသုံးသည့် ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် အခြားစားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေလိုအပ်သည်။ စိုက်ပျိုးရေလုံလောက်မှုမရှိပါက သီးနှံအထွက်နှုန်းကျဆင်းခြင်းနှင့် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ရေချွေတာရေးသည် အိမ်တွင်းသုံးစွဲရေကို လျှော့ချခြင်းတစ်ခုတည်းမဟုတ်ဘဲ စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်ရေးအတွက်ပါ အရေးပါသည်။

ထိုသို့ ရေချိုအရင်းအမြစ်များ၏ တန်ဖိုးကြီးမားမှုကို သိရှိနားလည်ပြီး မိမိတို့နေ့စဉ်ဘဝတွင် ရေကို မည်သို့သုံးစွဲနေသည်ကိုလည်း ပြန်လည်ဆန်းစစ်ကြည့်သင့်သည်။ ရေပိုက်ခေါင်းကို မလိုအပ်ဘဲ ဖွင့်၍ရေချိုးရာတွင် အချိန်ကြာမြင့်စွာ အသုံးပြုခြင်း၊ အဝတ်အထည်အနည်းငယ်စီကို မကြာခဏလျှော်ခြင်း၊ ပန်းကန်ဆေးရာတွင် ရေကိုအလဟဿ စီးဆင်းစေခြင်းတို့သည် နေ့စဉ်သတိမထားမိဘဲ ရေဆုံးရှုံးမှုဖြစ်စေသည့် အကြောင်းရင်းများဖြစ်သည်။ လူတစ်ဦးချင်းစီအတွက် ရေပမာဏ အနည်းငယ်သာ ဆုံးရှုံးသည်ဟု ထင်ရသော်လည်း မိသားစု



တစ်စု၊ ရပ်ရွာတစ်ခုနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံး အတိုင်းအတာဖြင့် တွက်ချက်ကြည့်ပါက ဆုံးရှုံးသည့် ရေပမာဏမှာ များပြားလာနိုင်သည်။ ထို့ကြောင့် ရေချွေတာရေးကို မိမိကိုယ်တိုင်က စတင်ပြောင်းလဲကျင့်သုံးကြရန် လိုအပ်သည်။

ရေချွေတာရေးအတွက် ပထမဆုံးဆောင်ရွက်သင့်သည့်အချက်မှာ ရေယိုစိမ့်မှုများကို စနစ်တကျစစ်ဆေးပြုပြင်ခြင်းဖြစ်သည်။ နေအိမ်၊ ရုံး၊ ဌာနနှင့် လုပ်ငန်းခွင်များရှိ ရေပိုက်လိုင်းများ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများနှင့် ရေသိုလှောင်ကန်များတွင် ကျိုးပျက်ခြင်း၊ အက်ကွဲခြင်းနှင့် ယိုစိမ့်ခြင်းများ ရှိ၊ မရှိ ပုံမှန်စစ်ဆေးသင့်သည်။ အနည်းငယ်မျှသာ ယိုစိမ့်နေသည်ဟု ထင်ရသော်လည်း အချိန်ကြာလာသည်နှင့်အမျှ ရေပမာဏများစွာ ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် ရေယိုစိမ့်မှုတွေ့ရှိပါက နောက်မှပြုပြင်မည်ဟု ရွေ့ဆိုင်းမထားဘဲ အမြန်ဆုံးပြုပြင်သင့်သည်။ ထို့ပြင် ရေသိုလှောင်ကန်များ ရေပြည့်လျှံနေခြင်းမရှိစေရန်လည်း စောင့်ကြည့်စစ်ဆေးရမည်ဖြစ်သည်။ ရေကိုချွေတာခြင်းသည် ရေသုံးစွဲမှုလျှော့ချခြင်းတစ်ခုတည်းမဟုတ်ဘဲ ရရှိထားသည့်ရေကို မဆုံးရှုံးစေရန် ကာကွယ်ခြင်းလည်းဖြစ်သည်။

နေ့စဉ်ရေသုံးစွဲမှုတွင်လည်း အလေ့အထကောင်းများ ပြောင်းလဲကျင့်သုံးနိုင်သည်။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ် ရေပိုက်ခေါင်းကို အမြဖွင့်မထားဘဲ လိုအပ်သည့် အချိန်တွင်သာ ဖွင့်သုံးသင့်သည်။ ရေချိုးရာတွင်လည်း လိုအပ်သည့်အချိန်ထက် ပိုမိုကြာမြင့်စွာ ရေသုံးစွဲခြင်းကို ရှောင်ကြဉ်သင့်သည်။ အဝတ်လျှော်ရာတွင် အဝတ်အထည်အနည်းငယ်စီခွဲ၍ မကြာခဏလျှော်ခြင်းထက် စုပေါင်းလျှော်ဖွပ်ခြင်းက ရေသုံးစွဲမှုကို လျှော့ချနိုင်သည်။ အဝတ်လျှော်စက်နှင့် ပန်းကန်ဆေးစက်များ အသုံးပြုသူများအနေဖြင့်လည်း စက်၏သတ်မှတ်ပမာဏနှင့်အညီ စုပေါင်းဆေးကြော လျှော်ဖွပ်ခြင်းဖြင့် ရေနှင့်လျှပ်စစ်ဓာတ်အားကို တစ်ပြိုင်နက် ချွေတာနိုင်မည်ဖြစ်သည်။ ထိုသို့သော အလေ့အကျင့်ကောင်းများကို မိသားစုဝင်တိုင်း လိုက်နာကျင့်သုံးလာပါက အိမ်ထောင်စုတစ်စု၏ ရေသုံးစွဲမှုပမာဏကို သိသိသာသာ လျှော့ချနိုင် မည်ဖြစ်သည်။

ထို့ပြင် အသုံးပြုပြီးသည့်ရေများကို သင့်လျော်သည့်နေရာများတွင် ပြန်လည်အသုံးချခြင်းသည်လည်း ရေချွေတာရေးအတွက် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဟင်းသီးဟင်းရွက်များ ဆေးကြောထားသည့်ရေ၊ ဆန်ဆေးရည်တို့ကို အပင် ရေလောင်းရာတွင် ပြန်လည်အသုံးပြုနိုင်သည်။ အိမ်တွင်းသန့်ရှင်းရေးနှင့် အခြားလုပ်ငန်းများတွင်လည်း အသုံးပြုမည့်နေရာတို့အပေါ် မူတည်၍ ရေကို ပြန်လည်အသုံးချနိုင်မည့် နည်းလမ်းများ ရှာဖွေသင့်သည်။ သို့ရာတွင် ဆပ်ပြာမှုန်နှင့် အန္တရာယ်ရှိနိုင်သည့် ဓာတုပစ္စည်းများပါဝင်သောရေများကို အပင်များအတွက်ဖြစ်စေ၊ အခြားအသုံးပြုမှုများအတွက်ဖြစ်စေ ပြန်လည်အသုံးမပြုသင့်ပေ။ ထိုသို့ရေများကို စနစ်တကျစွန့်ပစ်ရမည်ဖြစ်သည်။

ရေချွေတာရေးကို နေအိမ်အတွင်း၌သာမက ဥယျာဉ်ခြံနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြက်ခင်းများနှင့် အပင်များကို ရေလောင်းရာတွင် နေ့လယ်ခင်းကဲ့သို့ အပူချိန်မြင့်မားသည့်အချိန်များ၌ ရေလောင်းပါက ရေငွေ့ပြန်မှုများပြားပြီး အပင်များက ရေကို အကျိုးရှိရှိစုပ်ယူနိုင်မှု လျော့နည်းနိုင်သည်။ ထို့ကြောင့် နံနက်စောစော သို့မဟုတ် ညနေပိုင်းကဲ့သို့ အေးမြသည့်အချိန်များတွင်သာ ရေလောင်းသင့်သည်။ ထို့ပြင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သည့် အပင်မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ အပင်ခြေရင်းတွင် မြေဆီလွှာအစိုဓာတ် ထိန်းသိမ်းနိုင်သည့်နည်းလမ်းများအသုံးပြုခြင်းနှင့် လိုအပ်သည့်နေရာသို့သာ ရေတိုက်ရိုက်ရောက်ရှိစေသည့် ရေလောင်းစနစ်များ အသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုနည်းလမ်းများသည် ရေအလေအလွင့်ကို လျှော့ချနိုင်သည့်အပြင် အပင်များ၏ ကြီးထွားရှင်သန်မှုကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

မိုးရေကို စုဆောင်းအသုံးချခြင်းသည်လည်း ရေအရင်းအမြစ်ထိန်းသိမ်းရေးအတွက် အရေးပါသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ မိုးရာသီတွင် အိမ်ခေါင်မိုးများမှတစ်ဆင့် စီးဆင်းလာသည့် မိုးရေကို သင့်လျော်သောရေစည်များ၊ သိုလှောင်ကန်များနှင့် မိုးရေစုဆောင်းစနစ်များအသုံးပြု၍ စုဆောင်းထားနိုင်သည်။ ထိုရေများကို ဥယျာဉ်ခြံရေလောင်းခြင်းနှင့်အိမ်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အခြားသင့်လျော်သည့် လုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်သည်။ သို့သော် မိုးရေကို သောက်သုံးရန် အသုံးပြုမည်ဆိုပါက သန့်စင်မှုနှင့် ပိုးမွှားကင်းစင်မှုရှိစေရန် လိုအပ်သည့် စစ်ဆေးသန့်စင်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

အလားတူ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းရာတွင် ရေကိုချွေတာသုံးစွဲခြင်းနှင့်အတူ ရေအရင်းအမြစ်များ ညစ်ညမ်းမှုမဖြစ်စေရေးကိုလည်း အလေးထားရမည်ဖြစ်သည်။ မြစ်ချောင်းများ၊ အင်းအိုင်များနှင့် ရေကန်များအတွင်း အမှိုက်များ၊ ပလတ်စတစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် စွန့်ပစ်ရေဆိုးများကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းသည် ရေအရည်အသွေးကို ထိခိုက်စေသည်။ ရေချိုပမာဏ လုံလောက်စွာရှိနေသော်လည်း အဆိုပါ ရေချိုသည် ညစ်ညမ်းနေပါက လူသားတို့အတွက် အသုံးပြုရန် မသင့်လျော်တော့သည့်အပြင် ရေနေသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရေအရင်းအမြစ်များအတွင်း အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ စွန့်ပစ်ရေများကို စနစ်တကျစီမံခန့်ခွဲခြင်းနှင့် မြစ်ချောင်းများ သန့်ရှင်းသာယာရေးလုပ်ငန်းများတွင် ပြည်သူအားလုံးက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စင်စစ်အားဖြင့် ရေချွေတာရေးသည် လူတစ်ဦးတစ်ယောက်တည်း၏ တာဝန်မဟုတ်ဘဲ မိသားစု၊ ရပ်ရွာအသိုက်အဝန်း၊ လုပ်ငန်းခွင်၊ ပညာရေးအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မိဘများအနေဖြင့် သားသမီးများကို ငယ်စဉ်ကတည်းက ရေ၏တန်ဖိုးနှင့် ရေချွေတာသုံးစွဲရမည့် အလေ့အထများကို သင်ကြားပေးသင့်သည်။ ကျောင်းများတွင်လည်း ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို ရေအလေအလွင့်မရှိအသုံးပြုရေး အသိပညာပေးသင့်သကဲ့သို့ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင်လည်း ရေအလေအလွင့်မရှိအသုံးပြုရေး အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ကြရပေမည်။

ရေချိုကို သဘာဝတရားက အခမဲ့ပေးထားသည့် အရင်းအမြစ်တစ်ခုဟု သဘောထား၍ အလွယ်တကူ ဖြုန်းတီးသုံးစွဲနေမည်ဆိုပါက မကြာမီတွင် ရေရှားပါးပြတ်လပ်မှုကို မလွဲမသွေရင်ဆိုင်ကြုံတွေ့ကြရမည်ပင်ဖြစ်သည်။ ထိုသို့ ရေရှားပါးလာမှသာ ရေ၏တန်ဖိုးကို နားလည်သဘောပေါက်ခြင်းထက် လက်ရှိကာလ ရေချိုအရင်းအမြစ်များ ရှိနေစဉ်ကတည်းက တန်ဖိုးထားတတ်သည့် အသိစိတ်ဓာတ်ကို မွေးမြူကြရမည်ဖြစ်သည်။

အဖိုးတန်ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းခြင်းသည် မိမိတို့၏လက်ရှိမျိုးဆက် အသက်ရှင်ရပ်တည်ရေးအတွက်သာမက နောင်လာမည့် မျိုးဆက်များ၏ အသက်ရှင်ရပ်တည်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက်ပါ အရေးကြီးသည်။ ထို့ကြောင့် အဖိုးတန်ရေချိုကို လိုအပ်သလောက်သာ သုံးစွဲခြင်း၊ ရေအလေအလွင့်ဖြစ်စေသည့် အလေ့အထများကို ပြုပြင်ခြင်း၊ ရေကိုစနစ်တကျနှင့် အကျိုးရှိရှိ အသုံးပြုခြင်း၊ ရေချိုအရင်းအမြစ်များ ညစ်ညမ်းမှုမရှိစေရန် ကာကွယ်ခြင်းနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာများ အချင်းချင်းမျှဝေခြင်းတို့ကို လူတိုင်းက နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးကြခြင်းဖြင့် အဖိုးတန်ရေချိုကို ချွေတာနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ကိုးကား

-၂-၁၁-၂၀၂၆ ထုတ် ရတနာပုံသတင်းစာ။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



မြင်းမူ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၀၃၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နေကြာ ၂၀၃၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

အုတ်ဖိုမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကျင်းပ

အုတ်ဖို နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က ပန်းရန်သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက ယနေ့မှ နိုဝင်ဘာ ၂၂ ရက်ထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

ချောက်မြို့နယ် ရေတွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ချောက် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရေတွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရေတွင်းကျေးရွာ၌ လမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၃ သန်း စုစုပေါင်းငွေကျပ် ၄၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။ **နော်လူး**



ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းကဏန်းပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းကဏန်းပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလွဲထံမှ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပန်းကဏန်းပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး အောက်တိုဘာလအတွင်း ပန်းကဏန်းပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပန်းကဏန်းတွေ ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ မွေးမြူသူတွေ၊ ရေလုပ်သားတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလွဲက ပြောပြသည်။



ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ပန်းကဏန်း တစ်ပိသာလျှင် ငွေကျပ် ၂၄၀၀၀ မှ ၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပန်းကဏန်းများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဇီးကုန်းမြို့နယ် သစ်ဖြူကွင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဇီးကုန်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ဖြူကွင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ သစ်ဖြူကွင်းကျေးရွာ၌ ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သစ်ဖြူကွင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ Steel Structure စင်မြင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၇၅၈ သန်းအသုံးပြု၍ မြို့နယ်ဦးစီးဌာနမှအင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဩဂုတ်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ**

ခိုင်ဇင်

ကမ္ဘာတစ်လွှားက ရှေးဟောင်းနန်းတော်များ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးဘုရင်များ၊ ဧကရာဇ်များနှင့်မင်းဆက်များ၏ အုပ်ချုပ်မှုသမိုင်းကိုထင်ဟပ်ဖော်ပြနေသည့် ရှေးဟောင်းနန်းတော်များစွာတည်ရှိသည်။ အချို့နန်းတော်များသည် ခမ်းနားထည်ဝါသောဗိသုကာလက်ရာများကြောင့်ထင်ရှားသကဲ့သို့ တချို့မှာတောင်ထိပ်များ၊ ရေကန်များနှင့် သဘာဝရှုခင်းများကြား ထူးခြားစွာတည်ဆောက်ထားခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားများ၏စိတ်ဝင်စားမှုကိုရရှိနေကြသည်။ ရာစုနှစ်များစွာဖြတ်သန်းခဲ့သော်လည်း ယနေ့တိုင် သမိုင်းအမွေအနှစ်အဖြစ်တည်ရှိနေသည့် ကမ္ဘာတစ်လွှားက ရှေးဟောင်းနန်းတော်ငါးခုကို ထုတ်နုတ်ဖော်ပြသွားပါမည်။

ပိုတာလာနန်းတော်



တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာမြို့တွင် တည်ရှိသော ပိုတာလာနန်းတော်သည် ကမ္ဘာပေါ်ရှိ တောင်ထိပ်ကဲ့သို့ အမြင့်ပိုင်းတွင်တည်ဆောက်ထားသည့် ထင်ရှားသောရှေးဟောင်းနန်းတော်များအနက် တစ်ခုဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃၇၀၀ ကျော်မြင့်သော မာပေါရီတောင်ကုန်းပေါ်တွင် တည်ဆောက်ထားပြီး အဖြူရောင်နှင့်အနီရောင်အဆောက်အအုံများပေါင်းစပ်ထားသည့်ဗိသုကာလက်ရာမှာ ထူးခြားလှသည်။

ယနေ့မြင်တွေ့ရသည့်နန်းတော်ကြီးကို ၁၇ ရာစုတွင် ပဉ္စမမြောက် ဒလိုင်းလားမားလက်ထက်၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ နန်းတော်တွင် အဆောက်အအုံများ၊ ခန်းမများ၊ ဘုရားကျောင်းများနှင့်ရှေးဟောင်းဗိသုကာလက်ရာများဖြင့် ပေါင်းစပ်တည်ဆောက်ထားသည်။ အဖြူရောင်နန်းဆောင်ကို အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆောင်ရွက်ရာတွင် အသုံးပြုခဲ့ပြီး အနီရောင်နန်းဆောင်ကို ဘာသာရေးဆိုင်ရာအခမ်းအနားများနှင့် အထိမ်းအမှတ်ပွဲများကျင်းပရာနေရာများအဖြစ် အသုံးပြုခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး တိဗက်ဒေသ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာအနုပညာလက်ရာများကိုလေ့လာနိုင်သည့် အရေးပါသောအမွေအနှစ်တစ်ခုဖြစ်ခဲ့သည်။

မိုင်ဆိုးနန်းတော်



အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် မိုင်ဆိုးမြို့လယ်တွင်တည်ရှိသော မိုင်ဆိုးနန်းတော်သည် အိန္ဒိယနိုင်ငံ၏ အခမ်းနားဆုံးရှေးဟောင်းနန်းတော်များအနက် တစ်ခုဖြစ်သည်။ အမ်ဘာဗီလာစ်နန်းတော်ဟုလည်းခေါ်ဆိုကြပြီး ဝေါဒီယာမင်းဆက်၏ နန်းစိုက်ရာနေရာဖြစ်ခဲ့သည်။

မူလနန်းတော်ကို ၁၄ ရာစုအစောပိုင်းကတည်းက တည်ဆောက်ခဲ့သော်လည်း မီးလောင်မှုများနှင့် အခြားသဘာဝဖြစ်ရပ်များကြောင့် အကြိမ်ကြိမ်ပျက်စီးခဲ့ရသည်။ ယနေ့မြင်တွေ့ရသော နန်းတော်ကို ၁၈၉၇ ခုနှစ် မီးလောင်မှုအပြီး ပြန်လည်တည်ဆောက်ခဲ့ရာ ၁၉၁၂ ခုနှစ်တွင် အပြီးသတ်ခဲ့သည်။ ဗြိတိသျှဗိသုကာပညာရှင် ဟင်နရီအာဝင်က ဒီဇိုင်းရေးဆွဲခဲ့သည့် ထိုနန်းတော်သည် အိန္ဒိယ၊ အစ္စလာမ်၊ ရာဂျပွတ်နှင့် ဂေါသစ်ဗိသုကာလက်ရာများကို ပေါင်းစပ်တည်ဆောက်ထားသည်။

နန်းတော်အတွင်း ရောင်စုံမှန်ပြတင်းများ၊ ရွှေချထားသောတိုင်များ၊ ပန်းပုလက်ရာများနှင့် ခမ်းနားသောနန်းတက်ခန်းမများကို တွေ့မြင်နိုင်သည်။ အထူးသဖြင့် ညအချိန်တွင် မီးလုံးပေါင်း ၉၇၀၀၀ ခန့် ထွန်းညှိလိုက်သည့်အခါ နန်းတော်တစ်ခုလုံး ရွှေရောင်တောက်ပနေသည့် မြင်ကွင်းမှာအံ့မခန်းလှပသည်။

တော့ပ်ကာပီနန်းတော်

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ တော့ပ်ကာပီနန်းတော်သည် အော်တိုမန်အင်ပါယာ၏ အုပ်ချုပ်ရေးနှင့် နန်းတွင်းရေးရာများကို ရာစုနှစ်များစွာဆောင်ရွက်ခဲ့သည့် သမိုင်းဝင်နန်းတော်ကြီးဖြစ်သည်။ ဘော့စဖရပ်ရေလက်ကြား၊ ရွှေချိုင့်ဂုမ်းရေလက်ကြားနှင့် မာမာရာပင်လယ်တို့ကိုမြင်တွေ့နိုင်သည့်မြေပြင်အနေအထားတွင် တည်ဆောက်ထားသည်။

အော်တိုမန်ဘုရင် မက်ဟမက်ဒ် ဒုတိယက ၁၄၆၈ ပြည့်နှစ်မှ ၁၄၇၈ ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းမင်းဆက်များက နန်းဆောင်များ၊ ခန်းမများ၊ ဥယျာဉ်များနှင့် နန်းတွင်းနေရာများကို ထပ်မံတိုးချဲ့ခဲ့ကြသည်။ နန်းတော်တွင် အဓိကဝင်းကြီးလေးခုပါဝင်ပြီး ဘုရင်၏ သီးသန့်နေထိုင်ရာ ဟာရမ်နန်းဆောင်၊ နန်းတွင်းအစည်းအဝေးခန်းမနှင့် ရတနာသိုက်များမှာ လူသိများသည်။



အော်တိုမန်အင်ပါယာ၏ နိုင်ငံရေးအာဏာနှင့် နန်းတွင်းယဉ်ကျေးမှုကိုထင်ဟပ်ဖော်ပြနေသည့်နန်းတော်ဖြစ်ပြီး ၁၉ ရာစုအလယ်ပိုင်းတွင် ဘုရင့်မိသားစုက ဒေါလ်မာဘာချီနန်းတော်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ၁၉၂၄ ခုနှစ်တွင် ပြတိုက်အဖြစ်ဖွင့်လှစ်ခဲ့ပြီး ယနေ့တိုင် အော်တိုမန်အင်ပါယာ၏ ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းပြသထားသည့်နေရာတစ်ခုဖြစ်သည်။

ရွှန်ဘရွှန်းနန်းတော်

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်တည်ရှိသော ရွှန်ဘရွှန်းနန်းတော်သည် ဥရောပတိုက်၏ ခမ်းနားထည်ဝါသော ဘုရင့်နန်းတော်များအနက် တစ်ခုဖြစ်သည်။ ဟက်စဘတ်မင်းဆက်၏ ဘုရင်များ နွေရာသီအပန်းဖြေနေထိုင်ရာနန်းတော်အဖြစ် အသုံးပြုခဲ့ပြီး ဥယျာဉ်များ၊ ရေပန်းများနှင့်အဆောက်အအုံများပေါင်းစပ်ထားသည့် ဗိသုကာလက်ရာမှာ အထူးထင်ရှားသည်။



၁၇ ရာစုနှောင်းပိုင်းတွင် စတင်ဒီဇိုင်းရေးဆွဲခဲ့ပြီး ၁၈ ရာစုအတွင်း မာရီယာထရီဇာဧကရီလက်ထက်၌ ပိုမိုခမ်းနားစွာ တိုးချဲ့တည်ဆောက်ခဲ့သည်။ နန်းတော်အတွင်း အခန်းပေါင်းများစွာရှိပြီး ဧကရာဇ်များ၏ ကိုယ်ပိုင်နေထိုင်ရာအခန်းများ၊ အခမ်းအနားခန်းမများနှင့် ရွှေချထားသောအလှဆင်ပစ္စည်းများကို တွေ့မြင်နိုင်သည်။

နန်းတော်နှင့် ဆက်စပ်ဥယျာဉ်များအတွင်းတွင် ၁၇၅၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ကမ္ဘာ့ရှေးအကျဆုံးတိရစ္ဆာန်ဥယျာဉ်တစ်ခုလည်း ပါဝင်သည်။ နန်းတော်နောက်ခံရှိ ဂလိုရီယက်တီအဆောက်အအုံနှင့် ကျယ်ပြန့်လှပသောဥယျာဉ်များသည် ဥရောပနန်းတွင်းအနုပညာ၏ ထူးခြားသောလက်ရာများပင်ဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် UNESCO၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး ဥရောပသမိုင်းနှင့် ဗိသုကာပညာကို လေ့လာနိုင်သည့် အရေးပါသောနန်းတော်တစ်ခုဖြစ်သည်။

အယ်လ်ဟမ်ဘရာနန်းတော်



စပိန်နိုင်ငံ ဂရန်နာဒါမြို့ရှိ အယ်လ်ဟမ်ဘရာနန်းတော်သည် အစ္စလာမ်ဗိသုကာလက်ရာနှင့် အလှဆင်ပညာတို့ကို အကောင်းဆုံးထင်ဟပ်ဖော်ပြနေသည့် ရှေးဟောင်းနန်းတော်ကြီးဖြစ်သည်။ မြေနီဖြင့်တည်ဆောက်ထားသော နံရံများကြောင့် အယ်လ်ဟမ်ဘရာဟူသောအမည်ရရှိလာခဲ့ပြီး အာရဗီဘာသာစကားတွင် အနီရောင်ဟုအဓိပ္ပာယ်ရသည်။

၁၃ ရာစုတွင် နာဆရစ်မင်းဆက်၏ ပထမဆုံးဘုရင် မိုဟာမက် ပထမလက်ထက်၌ နန်းတော်တည်ဆောက်ရေးကိုစတင်ခဲ့ပြီး ၁၄ ရာစုတွင် ယူဆွဖ် ပထမနှင့် မိုဟာမက် ပဉ္စမတို့လက်ထက်၌ ပိုမိုခမ်းနားစွာတည်ဆောက်ခဲ့သည်။ နန်းတော်အတွင်းရှိ အနုစိတ်ဗိသုကာလက်ရာများ၊ ကျိုဩမေတြီပုံစံများ၊ အာရဗီစာတန်းများနှင့် ရေစီးရေလာစနစ်များမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းစွာတည်ဆောက်ထားသည်ကို တွေ့ရသည်။

အထူးသဖြင့် ခြင်္သေ့ရုပ်တု ၁၂ ခုဖြင့် ဝန်းရံထားသော ခြင်္သေ့ဝင်းသည် နန်းတော်၏အထင်ရှားဆုံးနေရာတစ်ခုဖြစ်သည်။ ရေကန်ငယ်များ၊ ရေပန်းများနှင့်ဥယျာဉ်များကို နန်းဆောင်များနှင့် လိုက်ဖက်ညီစွာ ပေါင်းစပ်တည်ဆောက်ထားခြင်းမှာလည်း အလွန်လှပသည်။ ၁၄၉၂ ခုနှစ်တွင် ခရစ်ယာန်ဘုရင်များက ဂရန်နာဒါကို သိမ်းပိုက်ပြီးနောက် နန်းတော်ကို တော်ဝင်နေအိမ်အဖြစ် ဆက်လက်အသုံးပြုခဲ့ကြသည်။ ၁၉၈၄ ခုနှစ်တွင် UNESCO၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး အလယ်ခေတ် အစ္စလာမ်ယဉ်ကျေးမှု၏ အဖိုးတန်အမွေအနှစ်တစ်ခုအဖြစ် ယနေ့တိုင်တည်ရှိနေသည်။

ရှေးဟောင်းနန်းတော်များသည် ဘုရင်များ၏ ခမ်းနားထည်ဝါသော နေထိုင်မှုဘဝကိုဖော်ပြနေသည့် အဆောက်အအုံများသာမက နိုင်ငံတစ်နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဗိသုကာပညာတို့ကို ထင်ဟပ်ပြသနေသည့် အဖိုးတန်အမွေအနှစ်များဖြစ်သည်။ ရာစုနှစ်များစွာဖြတ်သန်းခဲ့သော်လည်း မပျောက်ပျက်သေးသည့် အထက်ပါနန်းတော်များ၏လက်ရာများသည် ရှေးခေတ်လူသားတို့၏ ဉာဏ်ပညာ၊ ဖန်တီးနိုင်စွမ်းနှင့် အနုပညာအမြင်တို့ကို ဖော်ညွှန်းပြသလျက်ရှိပေသည်။ အဆိုပါရှေးဟောင်းနန်းတော်များသည် အတိတ်သမိုင်း၏စိတ်ဝင်စားဖွယ်ရာများကို သိရှိနိုင်သကဲ့သို့ နောင်လာနောက်သားများအတွက် တန်ဖိုးမဖြတ်နိုင်သောယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

ကိုးကား

- Topkapi Palace – National Palaces of Türkiye
- Palace and Gardens of Schönbrunn – UNESCO
- Alhambra, Generalife and Albayzín – UNESCO
- Mysuru Palace – Karnataka Tourism
- Schönbrunn Palace – Official History

ဦးနှောက်နှင့် အာရုံကြောရောဂါများအကြောင်း သိကောင်းစရာ

ပေါက်ပေါက်

သက်ရှိလူသားတစ်ဦးတွင် မွေးစမှအိုမင်းသည်ထိ စိတ်ပိုင်းဆိုင်ရာကိုဦးနှောက်က ထိန်းချုပ်၍ရုပ်ပိုင်းဆိုင်ရာကို အာရုံကြောများက ထိန်းချုပ်ပေးသည်။ ထို့ကြောင့် ဘဝတစ်သက်တာအတွက် ဦးနှောက်နှင့် အာရုံကြောကျန်းမာရေးက လွန်စွာအရေးကြီးသည်။ သတိပြုရမည့်အချက်မှာ အရွယ်မတိုင်မီဦးနှောက်နှင့် အာရုံကြောများသည် အသက်အရွယ်မရွေး၊ အချိန်အခါမရွေးထိခိုက်ပျက်စီးနိုင်ခြင်းဖြစ်သည်။ အဖြစ်များသည့်ဦးနှောက်နှင့် အာရုံကြောရောဂါသုံးမျိုးရှိသည်။ ၎င်းတို့မှာ ပါကင်ဆန်ရောဂါ၊ ဒီမင်းရှားရောဂါနှင့် အယ်ဇိုင်းမားရောဂါတို့ဖြစ်သည်။

ပါကင်ဆန်ရောဂါ

ပါကင်ဆန်ရောဂါသည် ဦးနှောက်၏လုပ်ငန်းပုံမှန်မလုပ်နိုင်တော့ဘဲ လူ၏လှုပ်ရှားမှု၊ တည်ငြိမ်စွာဟန်ချက်ညီဆောင်ရွက်မှုနှင့် ခန္ဓာကိုယ်၏လုပ်ငန်းဆောင်တာများပျက်စီးလာခြင်းဖြစ်သည်။ ဦးနှောက်အတွင်း ဒိုပါမင်းဓာတ်ထုတ်ပေးသည့်ဆဲလ်များပျက်စီးသွားရာမှဖြစ်ပေါ်လာသော ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်သည်။ တစ်နည်းဆိုရလျှင် ပါကင်ဆန်ရောဂါသည် ကိုယ်စွမ်းရည်ကျရောဂါတစ်မျိုးဖြစ်သည်။

ရောဂါလက္ခဏာများမှာ ခန္ဓာကိုယ်ကြီးလှုပ်ရှားနေချိန်တွင် မသိသာသော်လည်း အနားယူငြိမ်နေသည့်အခါ လက်ချောင်းများ၊ လက်မ၊ လက်မောင်း၊ မေးစေ့၊ လျှာ၊ နှုတ်ခမ်း၊ ခြေထောက်တို့ တဆတ်ဆတ်လှုပ်နေခြင်း၊ စက္ကူပေါ်စာရေးသည့်အခါ ပုံမှန်လိုမဟုတ်တော့ဘဲ စာလုံးအရွယ်အစားကြီးလာခြင်း၊ သေးသွားခြင်း၊ စာလုံးများတွန့်စောင်းနေခြင်း၊ စာလုံးများထပ်သွားခြင်း၊ အနှံ့ခံအာရုံသိသိသာသာကျဆင်းသွားခြင်း၊ အိပ်မောကျနေစဉ်ခြေထောက်ကတစ်ခုခုကိုကန်ခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ခုတင်ပေါ်ကပြုတ်ကျခြင်း၊ ဝမ်းချုပ်ခြင်း၊ လမ်းလျှောက်စဉ်လက်လွှဲ၍မရခြင်း၊ ခြေလှမ်းမမှန်ခြင်း၊ မိမိကပုံမှန်လေသံဖြင့် စကားပြောနေသော်လည်း ပတ်ဝန်းကျင်ရှိသူများက မိမိစကားပြောသံကို ခပ်တိုးတိုးသာကြားရခြင်း၊ မျက်တောင်မခတ်ဘဲ တစ်နေရာထဲကို မျက်လုံးသေဖြင့်စိုက်ကြည့်နေခြင်း၊ သွေးအားနည်းသကဲ့သို့ ခံစားရကာမူးဝေခြင်း၊ အော့အန်ချင်စိတ်ဖြစ်ခြင်း စသည်တို့ဖြစ်သည်။

ဒီမင်းရှားရောဂါ

ဒီမင်းရှားရောဂါသည် စိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်၊ စဉ်းစားဉာဏ်နှင့် နေ့စဉ်လှုပ်ရှားဝလုပ်ငန်းစွမ်းရည် ယိုယွင်းလာသည့် လက္ခဏာတစ်မျိုးဖြစ်သည်။ တစ်နည်းဆိုရလျှင် ဒီမင်းရှားရောဂါသည် စိတ်စွမ်းရည်ကျရောဂါတစ်မျိုးဖြစ်သည်။

ရောဂါလက္ခဏာများမှာ မကြာသေးမီက ဖြစ်ပျက်ခဲ့သည့်ကိစ္စများကိုမေ့လွယ်ခြင်း၊ မေးခွန်းများကို ထပ်ခါတလဲလဲမေးခြင်း၊ ပစ္စည်းများကိုနေရာမှား ထားခြင်း၊ ပြောလိုသည့်စကားလုံးကိုရှာမတွေ့ခြင်း၊ စကားပြောရာတွင် သို့မဟုတ် စာရေးရာတွင် အဓိပ္ပာယ်ဖော်ရခက်ခဲခြင်း၊ နေ့စဉ်လုပ်နေကျ အလုပ်များကို ယခင်ကကဲ့သို့မလုပ်နိုင်တော့ခြင်း၊ အခြေအနေအရပ်ရပ်ကို သင့်လျော်စွာမသုံးသပ်နိုင်တော့ဘဲဆုံးဖြတ်ချက်အမှားများချမိခြင်း၊ အကြောင်းပြချက်မရှိဘဲ စိုးရိမ်ပူပန်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်တိုလွယ်ခြင်း၊ ကိုယ်ရည်ကိုယ်သွေးများပြောင်းလဲသွားခြင်း စသည်တို့ဖြစ်သည်။

အယ်ဇိုင်းမားရောဂါ

အယ်ဇိုင်းမားရောဂါသည် ဒီမင်းရှားရောဂါကို ဖြစ်စေသည့်ဦးနှောက်အတွင်းပုံမှန်မဟုတ်တော့ဘဲ မှတ်ဉာဏ်၊ စဉ်းစားတွေးခေါ်ဉာဏ်နှင့် ကျွမ်းကျင်မှုတို့ကိုမေ့လျော့သွားတတ်ခြင်းနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများလုပ်ရာတွင် ခက်ခဲလာခြင်းမျိုးဖြစ်သည်။ တစ်နည်းဆိုရလျှင် အယ်ဇိုင်းမားရောဂါသည် အရွယ်မတိုင်မီ သတိမေ့ရောဂါအမျိုးအစားဖြစ်သည်။

ရောဂါလက္ခဏာများမှာ မှတ်ဉာဏ်၊ အတွေးအခေါ်နှင့် အပြုအမူများအားလုံးကိုမေ့လျော့သွားခြင်းဖြစ်သည်။ အသက်ကြီးလာလေ ရောဂါဖြစ်နိုင်ခြေပိုများလာလေဖြစ်သည်။ ရောဂါရင့်လာပါက အစားအသောက်မျိုချရန်နှင့် စကားပြောရန်ပင်ခက်ခဲလာသည်။ ဦးနှောက်အတွင်း ပရိုတင်းဓာတ်မူမမှန်ဘဲ စုပုံလာရာမှ ဦးနှောက်သေဆုံးခြင်းဖြစ်သည်။ လူတချို့ရောဂါဖြစ်စတွင်မှတ်ဉာဏ်အားနည်းလာပြီး မကြာခဏသတိမေ့လျော့ခြင်း၊ ကျိုးကြောင်းလျော်ညီစွာ ဝေဖန်ပိုင်းခြားနိုင်စွမ်း ကျဆင်းခြင်းဖြစ်လာသည်။ ရောဂါပိုဆိုးလာချိန်တွင် ဘာသာစကားပြောဆိုနိုင်စွမ်းမရှိတော့ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးမှုပိုမိုဆိုးရွားလာခြင်း၊ ချစ်ခင်ရသောမိသားစုဝင်များ သို့မဟုတ် သူငယ်ချင်းများကို မေ့လျော့သွားခြင်းနှင့် လတ်တလောအဖြစ်အပျက်များကိုပင် မှတ်သားနိုင်စွမ်းမရှိတော့ဘဲ အဆုံးသတ်မှာ မှတ်ဉာဏ်လုံးဝဆုံးရှုံးသွားသည်ထိဖြစ်လာနိုင်သည်။ နေ့ချင်းညချင်း ရုတ်တရက်ဖြစ်ပေါ်လာသောရောဂါမျိုး မဟုတ်သည့်အတွက် အယ်ဇိုင်းမားရောဂါကို သူငယ်ပြန်နေသည်ဟု မှားယွင်းယူဆတတ်ကြသည်။



ဦးနှောက်နှင့် အာရုံကြောကျန်းမာရေးအတွက် အသင့်လျော်ဆုံး အစားအစာများ

အောက်ဖော်ပြပါ အစားအစာများက ဦးနှောက်နှင့် အာရုံကြောကျန်းမာရေးအတွက် လွန်စွာကောင်းကျိုးပြုသည်။

(၁) မက်မွန်သီးစားပါ။ ဦးနှောက်သွေးကြောပိတ်ရောဂါ မဖြစ်စေနိုင်တော့ပေ။

(၂) စတော်ဘယ်ရီသီးအပါအဝင် ဘယ်ရီသီးမျိုးနွယ်တို့ကိုစားပေးပါ။ အထူးသဖြင့် ဘလူးဘယ်ရီသီးက အာရုံစူးစိုက်မှုအားကောင်းစေပြီး ဦးနှောက်တုံ့ပြန်မှုနှုန်းကို မြန်ဆန်သွက်လက်စေသည်။

(၃) သစ်ကြားသီးကို အစွမ်းထက်မြက် ဦးနှောက်အားတိုး သဘာဝဖြည့်စွက်ဆေးအဖြစ်အားကိုးထိုက်သည်။ သစ်ကြားသီးအလုပ်လုပ်စေသည်။

(၄) ပန်းဂေါ်ဖီအဖြူရောင်က ဦးနှောက်၏ အဖြူရောင်အဖတ်သားများကို များစွာကောင်းကျိုးပြုသည်။

(၅) ချင်းစားပေးခြင်းဖြင့် ဦးနှောက်အမြှေးပါးရောင်ရောဂါမဖြစ်စေတော့ပေ။

(၆) ပန်းသီးက ခန္ဓာကိုယ်အတွက် ဘက်စုံအားကောင်းစေရုံသာမက မှတ်ဉာဏ်အားကိုလည်း ကောင်းမွန်စေသည်။

(၇) ဖရဲသီးစားပါ။ ဦးနှောက်၏ ဖွဲ့စည်းတည်ဆောက်မှုကို အားပေးသည်။

(၈) ဂေါ်ဖီထုပ်က အဆုတ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာတို့မှ ကာကွယ်ပေးသည့်အပြင် ဦးနှောက်ပျက်စီးထိခိုက်မှုကိုပါ လျော့ပါးသွားစေသည်။

(၉) ဆလတ်ရွက် များများစားပေးခြင်းဖြင့် ဦးနှောက်အာရုံကြောများနှင့် ဆက်စပ်နေသည့် သွေးကြောများအတွင်း သွေးစီးဆင်းမှုပိတ်ဆို့ခြင်းရောဂါကို မဖြစ်စေနိုင်တော့ပေ။ ထို့ပြင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကိုပါ လျော့ချပေးသည်။

(၁၀) သခွားမွေးသီးစားပါ။ ဦးခေါင်းခွံကျန်းမာရေးကို ကောင်းကျိုးပြုသည့်အပြင် ဦးနှောက်အားကောင်းစေသည်။

(၁၁) ထင်းရှူးသီးစေ့က ဦးနှောက်နှင့် အာရုံကြောကို တက်ကြွအောင် လှုံ့ဆော်ပေးနိုင်စွမ်းရှိသည်။

(၁၂) ကြက်ဥ၊ ဘဲဥ၊ ငုံးဥ အပါအဝင် ဥအမျိုးမျိုးတို့၏ အနှစ်ကိုစားပါ။ ၎င်းဥများ၏ အနှစ်ထဲတွင် ဦးနှောက်အတွက်အရေးကြီးသည့် ဗီတာမင်ဘီ ဓာတ်ပေါင်းစုများပါဝင်နေ၍ ရေတိုမှတ်ဉာဏ် လုပ်ဆောင်ချက်အတွက် ကောင်းကျိုးပြုသည်။

(၁၃) နေကြာစေ့ထဲရှိ ဗီတာမင်အီးက မှတ်ဉာဏ်နှင့် အာရုံကြောများလုပ်ဆောင်ချက်ကို အထောက်အကူပြုသည်။

(၁၄) ပင်လယ်ငါးစားပါ။ ၎င်းငါး၏ အဆီများတွင် အိုမီဂါ-၃ဖက်တီးအက်စစ် ကြွယ်ဝစွာပါရှိနေ၍ ဦးနှောက်လုပ်ဆောင်ချက်များနှင့် ဖွံ့ဖြိုးမှုတို့အတွက် အထောက်အပံ့ဖြစ်စေသည်။ အထူးသဖြင့် ဆယ်လမွန်ငါးနှင့် တူနာငါးတို့တွင် အိုမီဂါ-၃ ဖက်တီးအက်စစ် ကြွယ်ဝစွာပါရှိနေတတ်သည်။ ကိုယ်ဝန်ဆောင်ချိန်အတွင်း ငါးစားပေးခြင်းဖြင့် ရင်သွေးငယ်၏ဦးနှောက်နှင့် အာရုံကြောလုပ်ဆောင်ချက်ကိုတိုးတက်စေသည်။

(၁၅) ဒေါက်ခွရွက်က ခန္ဓာကိုယ်တည်ဆောက်မှုဆိုင်ရာ စွမ်းအင်ပေးနိုင်သည့် အစားအစာတစ်မျိုးဖြစ်ပြီး စဉ်းစားတွေးခေါ်မှုဆိုင်ရာ ဉာဏ်ရည်လျော့ပါးခြင်းကို ကာကွယ်နိုင်သည်။

(၁၆) မုန်လာဥထဲတွင် ဦးနှောက်သို့သွေးစီးဆင်းမှုကို အားကောင်းစေနိုင်သော နိုက်ထရိတ် ဓာတ်ပါရှိနေသောကြောင့် ဦးနှောက်လုပ်ဆောင်ချက်ကို အားကောင်းလာစေသည်။

(၁၇) ဗာဒံစေ့၊ မြေပဲ စသည့်အစေ့အဆန်များတွင် ဗီတာမင်အီးကြွယ်ဝစွာပါဝင်နေ၍ ဦးနှောက်နှင့် အာရုံကြောကျန်းမာရေးအတွက် စားပေးသင့်သည်။

(၁၈) သဘာဝ ဆန်၊ ဂျုံ၊ ပဲ၊ ပြောင်းတို့ကို စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် သွေးစီးဆင်းမှုကို အားကောင်းစေနိုင်သည်။

(၁၉) အနက်ရောင် ချောကလက်စားပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများရရှိနိုင်ပြီး ဦးနှောက်နှင့် အာရုံကြောလုပ်ဆောင်ချက်ကို အထောက်အကူဖြစ်စေသည်။

(၂၀) မြင်းခွာရွက် တစ်နေ့ကို လေးရွက်စားပါသို့မဟုတ် အုန်းဆီ ၈၀ ကျပ်သားနှင့် မြင်းခွာရွက်သတ္တုရည် ၂၇ ကျပ်သားတို့ကို ရောစပ်ပြီး မီးအေးအေးဖြင့်ချက်ပါ။ ရေခန်း၍ ဆီသာကျန်တော့သည်ထိချက်ပြီး အအေးခံပါ။ ဆံပင်နှင့်ဦးရေပြားအနှံ့လိမ်းပေးခြင်းဖြင့် ဦးနှောက်ကိုအားရှိလာစေသည်။ ထို့ပြင် အာရုံကြောအားကောင်းခြင်း၊ သတိကောင်းခြင်း၊ ဆံပင်ကောင်းခြင်း၊ နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းစသည်ဖြင့် ကောင်းကျိုးပြုသည်။ ထို့ပြင် မြင်းခွာရွက်အခြောက်မှုန့်ကို နွားနို့၊ သကြားတို့နှင့် ရောစပ်သောက်ပေးခြင်းဖြင့် အာရုံကြောများပွင့်ကာ ဦးနှောက်ကြည်လင်၍ မှတ်ဉာဏ်အားကောင်းစေသည်။

သို့ဖြစ်ပါ၍ သက်ရှိလူသားတစ်ဦးတွင် မွေးစမှအိုမင်းသည်ထိ စိတ်ပိုင်းဆိုင်ရာကို ဦးနှောက်ကထိန်းချုပ်၍ ရုပ်ပိုင်းဆိုင်ရာကို အာရုံကြောများကထိန်းချုပ်ပေးသည်။ ထို့ကြောင့် ဘဝတစ်သက်တာအတွက် ဦးနှောက်နှင့် အာရုံကြောကျန်းမာရေးက လွန်စွာအရေးကြီးသဖြင့် ဦးနှောက်နှင့် အာရုံကြောရောဂါများအကြောင်းကိုသိရှိစေရန် လေ့လာဖော်ပြလိုက်ရပါသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။

⇒ နေ့လယ်နေ့ခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ။

⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊

⇒ အစားအစာ မပြင်ဆင်မီ၊

⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊

⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊

⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်

⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊

⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊

⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊

⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊

⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊

⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

Myanmar Mobile Money(MMM) ကို
အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone



- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ချာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၆

ကုန်ဆိုးသွားသောစွမ်းအားများ
DAGON MALTA FRESH နဲ့ဖြည့်စွမ်းထား...





ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၁၀၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၀၀

KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ (ကြမ်းပြင်ပေါ်တွားသွားခြင်းဖြင့် အောက်စီဂျင်ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှူမြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်း နှင့် အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။






၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ် စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။



၃။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။





၄။ နေ့လယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာနှင့် ကျောက်တန်းစက်မှုဇုန် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာနှင့် ကျောက်တန်းစက်မှုဇုန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စာမျက်နှာ ၁၇ ကော်လံ ၁ ☆

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကျောက်တန်းစက်မှုဇုန်အတွင်းရှိ ကိုလှထွန်း ဂျတ်သီးမှုန့်နှင့် အမှုန့်မျိုးစုံလုပ်ငန်းအတွင်း ထုပ်ပိုးဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရတနာပုံ ယနေ့ဖတ်စရာ

တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ရေနံမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ
စာမျက်နှာ - ၁၆

နို့နှင့်အသားဗူလုံရေးနွားမွေးမြူရေးလုပ်ငန်းများကို အားပေး
ဆောင်းပါး စာမျက်နှာ - ၁၀

အဗိုးတန်ရေခဲျကို ချေတာသုံးစွဲကြပါစို့
ဆောင်းပါး စာမျက်နှာ - ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ စာမျက်နှာ ၁၉ ကော်လံ ၁ ❖



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ စာမျက်နှာ ၁၉ ကော်လံ ၁ ◆

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိရာ စာမျက်နှာ ၂၁ ကော်လံ ၁ ■





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ စနစ်တကျဖြိုချဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။